မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၇၃) ■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ ကြာသပတေးနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit)ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အန်နဝါဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ရန် အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစော၊ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဆွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ★



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မလေးရှားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ခရီးဦးဂုဏ်ပြုကြိုဆိုစဉ်။

ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် DPLA နှင့် KNPP အမည်ခံအဖွဲ့ဝင် ၄၈ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးထံ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်/ခဲယမ်းများလွှဲပြောင်းအပ်နှံစဉ်။

နေပြည်တော် အောက်တိုဘာ ၇

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့်နယ်မြေများအား အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှု

စာမျက်နှာ ၁၀ ကော်လံ ၁ ➤

ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးအမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးနှင့် သူနာပြုသိပ္ပံကျောင်းအမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ဖလမ်း အောက်တိုဘာ ၇

ဖလမ်းမြို့ ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲနှစ်ထပ်ပြုပြင်ခြင်းလုပ်ငန်း၊ သူနာပြုအိမ်ရာရှစ်ခန်းတွဲ RC နှစ်ထပ်ဆောင်ပြုပြင်ခြင်းလုပ်ငန်း၊ ဆရာဝန်အိမ်ရာ လေးခန်းတွဲ RC နှစ်ထပ်ဆောင်ပြုပြင်ခြင်းလုပ်ငန်း၊ ဖလမ်းမြို့သူနာပြုသိပ္ပံ ဘွဲ့နှင်းသဘင်ခန်းမဆောင် RC တစ်ထပ်အဆောက်အအုံ၊ သင်တန်းသူအိပ်ဆောင်၊ စာသင်ဆောင်နှင့် ကျောင်းအုပ်ကြီးရုံးခန်းအဆောက်အအုံများပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊

စာမျက်နှာ ၁၄ ကော်လံ ၃ ❖

ယနေ့ မြဝတီ ဖတ်စရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကျင်းပ

စာ – ၇ သို့

သမိုင်းဝင် ဗိုလ်ချုပ်အောင်ဆန်းဈေးနှုန်း(၁၀၀)ပြည့်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

စာ – ၃ သို့

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၈ ရက်

နိုင်ငံအကျိုးအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်

ယနေ့အချိန်တွင် မြန်မာနိုင်ငံသည် ပြည်သူလူထုက ဒီမိုကရေစီနည်းလမ်းတကျရွေးချယ်တင်မြှောက်သည့်နိုင်ငံတော်အစိုးရသစ်၏ဦးဆောင်မှုနှင့်အတူ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကိုတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာမြောက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အင်ဒို - ပစိဖိတ်ဒေသနှင့် အိန္ဒိယသမုဒ္ဒရာ၊ အရှေ့တောင်အာရှနှင့်တောင်အာရှ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သော တရုတ်နှင့်အိန္ဒိယတို့ကိုဆက်သွယ်ပေးထားသည့် ပထဝီနိုင်ငံရေးပေါင်းကူးဆက်စပ်ရပ်ဝန်းတွင်တည်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် နိုင်ငံတော်သမ္မတတာဝန် စတင်ထမ်းဆောင်သည့်အချိန်မှစ၍ ပြည်တွင်းခရီးစဉ်များ၊ ပြည်ပခရီးစဉ်များကို လှည့်လည်သွားလာကာ နိုင်ငံတော်နှင့်ပြည်သူများကောင်းကျိုးကို ဖော်ဆောင်ပေးလျက်ရှိသည်။ ပြည်ပခရီးစဉ်များအဖြစ် အိန္ဒိယသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ တရားဝင်ခရီးစဉ်များသွားရောက်ခဲ့ပြီးဖြစ်သည်။

ယခုအခါ အောက်တိုဘာလ ၇ ရက်တွင် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အန်နဝါဘင်အီဘရာဟင်၏ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့စတင်သွားရောက်ပြီဖြစ်သည်။ နိုင်ငံတော်သမ္မတ၏ မလေးရှားနိုင်ငံခရီးစဉ်မှာ (၉)နိုင်ငံမြောက် သွားရောက်သည့်ခရီးစဉ်ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် (၅) နိုင်ငံမြောက်ခရီးစဉ်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများကျင်းပပြုလုပ်ခြင်း၊ မြန်မာ-မလေးရှား စီးပွားရေးလုပ်ငန်းရှင်များ၏ဆွေးနွေးပွဲသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခြင်းတို့ကိုဆောင်ရွက်မည်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံနှင့်မလေးရှားနိုင်ငံတို့သည် ချစ်ကြည်ရင်နှီးမှုရှိထားပြီးဖြစ်သော နိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံရှိရင်းစွဲချစ်ကြည်ရင်နှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့်ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်ကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆိုင်ရာကိစ္စရပ်များကို နှစ်နိုင်ငံခေါင်းဆောင်များက ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြမည်ဖြစ်သည်။

ကမ္ဘာကြီးတွင် ခေတ်မီနည်းပညာများပိုမိုတိုးတက်လာခြင်းနှင့်အတူ နိုင်ငံတိုင်းသည် မိမိတို့တစ်နိုင်ငံတည်း သီးသန့်ရပ်တည်နေ၍ မရပေ။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအချင်းချင်းသည် ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေစိတ်ထားဖြင့် ဆက်ဆံကြရမည်သာဖြစ်သည်။ တစ်နိုင်ငံ၏လိုအပ်ချက်ကို တစ်နိုင်ငံကဖြည့်ဆည်းပေးရမည်ဖြစ်သကဲ့သို့ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်ကဏ္ဍပေါင်းစုံတို့တွင်ကိုင်းကျွန်းမိကျွန်းကိုင်းမို အပြန်အလှန်လေးစားစွာဆက်ဆံကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုရှိလာခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများလည်း တဖြည်းဖြည်းပေါ်ပေါက်လာနေပြီဖြစ်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများလည်း များပြားစွာဝင်ရောက်လုပ်ကိုင်ရန် စီးပွားရေးဇုန်များလည်းတိုးချဲ့လျက်ရှိသည်။ မလေးရှားနိုင်ငံသည်လည်း စက်မှုလုပ်ငန်းဖွံ့ဖြိုးပြီး ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသည့်နိုင်ငံဖြစ်သည့်အတွက် မြန်မာ-မလေးရှား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ၏အကျိုးစီးပွားများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

မိုးကောင်းမြို့နယ်၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေးရရှိရေးလုပ်ငန်းများဆောင်ရွက်

မိုးကောင်း အောက်တိုဘာ ၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် နန့်ခွင်ကျေးရွာ၌ စိုက်ပျိုးရေးရရှိရေး စက်ရေတွင်းတူးဖော်ခြင်း၊ Mobile Solar နှင့် Solar Pump တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၆ ရက် နံနက်ပိုင်းတွင် ခရိုင်နှင့်မြို့နယ် ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုးညှင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းဝင်း၊ မိုးကောင်းမြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းနှင့် ဝန်ထမ်းများက နန့်ခွင်ကျေးရွာ၌ Mobile Solar နှင့် Solar Pump တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကုမ္ပဏီတာဝန်ရှိသူများနှင့် ကျေးရွာကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှုအား လိုက်လံရှင်းလင်းပြသရာ ခရိုင်ဦးစီးမှူးက လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါနန့်ခွင်ကျေးရွာ၌ စိုက်ပျိုးရေးရရှိရေးအတွက် စက်ရေတွင်းတိမ်နှစ်တွင်း တူးဖော်ခြင်း၊ Mobile Solar နှင့် 1.5 HP Solar Pump နှစ်စုံတပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီး တောင်သူများ၏ စနစ်ကျသောစိုက်ပျိုးရေးအကျိုးပြုဧက ၃၁ ဧကတို့အား စိုက်ပျိုးရေဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ချစ်ဦးကို

ကန်ကြီးထောင့်မြို့နယ်ရှိစျေးများ မီးဘေးလုံခြုံရေးနှင့် ဝိုင်ယာရှော့မဖြစ်ပွားစေရေးစစ်ဆေး

ကန်ကြီးထောင့် အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်းရှိစျေးများ၌ ဝိုင်ယာရှော့မှတစ်ဆင့် မီးလန့်မှုနှင့် မီးလောင်မှုများမဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၆ ရက် ညနေပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကန်ကြီးထောင့်မြို့မစျေးအတွင်း ဆိုင်ပိတ်သိမ်းချိန်များတွင် ဝိုင်ယာရှော့မဖြစ်ပေါ်စေရေးနှင့် လျှပ်စစ်မီးများ စနစ်တကျပိတ်ထားခြင်း ရှိ၊ မရှိတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းစိုးလွင်နှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစကောင်းပြည့်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးကြသည်။

အလားတူ ကန်ကြီးထောင့်မြို့နယ် ဒါးကတိုက်နယ်စျေး၌ စျေးပိတ်ချိန် လျှပ်စစ်မီးများ ပိတ်ထားခဲ့ခြင်း ရှိ၊ မရှိတို့ကို မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့နှင့် လျှပ်စစ်ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က လှည့်ကင်းစစ်ဆေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **ကျော်ငေစိုး(ပြန်/ဆက်)**

သဇင်(FM)အသံလွှင့်အစီအစဉ်

၈-၁၀-၂၀၂၆(ကြာသပတေးနေ့)

၁။ ဝ၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ဝ၈:၀၀ For Youth
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ Business Tips
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ဝ၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ဝ၁၈-၄၀၀၆၉၇၊ ဝ၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ဝ၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

ဝါအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးကွင်းဆက်စရိတ်လေ့လာဆန်းစစ်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

မြန်မာနိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းကုန်ကြမ်းများကို တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေးနှင့် ဝါအခြေခံ MSME လုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးအတွက် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဝါနေ့ အထိမ်းအမှတ်အဖြစ် ဝါအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးကွင်းဆက်စရိတ်လေ့လာဆန်းစစ်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်းအထွေထွေမန်နေဂျာက ဝါစိုက်ပျိုးရေးမှသည် အထည်အလိပ်ထုတ်လုပ်မှုအထိ တန်ဖိုးကွင်းဆက်အဆင့်ဆင့်တွင် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေး၊ မဟာဗျူဟာဆိုင်ရာ အသိပညာပေးရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးက ကုန်စည်ကွင်းဆက် ခွဲခြမ်းစိတ်ဖြာခြင်းမှ ဘဏ္ဍာရေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုစာတမ်းများကို ဖတ်ကြားကြပြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ရာသီဥတုဒဏ်ခံနိုင်သော ဝါစိုက်မျိုးစေ့များ စိုက်ပျိုးရေးနှင့် ရေသုံးစွဲမှုထိရောက်ရေး၊ နည်းပညာများ ပံ့ပိုးပေးရေးဆိုင်ရာတို့ကိုလည်းကောင်း၊ ကုန်သွယ်မှုဖြင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဝါစိုက်တောင်သူများ စွေးကွက်သို့တန်းတူညီမျှဝင်ရောက်ရရှိနိုင်ရေးနှင့် သင့်တင့်မျှတသော ကုန်သွယ်ရေးစနစ်ဖန်တီးရေးဆိုင်ရာတို့ကိုလည်းကောင်း၊ ကိန္နရီအထည်ချုပ်လုပ်ငန်းရှင် ဦးလှမျိုးက ဝါအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။



မွန်းလွဲပိုင်းတွင် စားပွဲဝိုင်း(၅)ဝိုင်းခွဲ၍ အုပ်စုအလိုက် ဆွေးနွေးခြင်းနှင့် လက်တွေ့တွက်ချက်ခြင်း၊ လုပ်ငန်းကဏ္ဍအလိုက် ကုန်ကျစရိတ်နှင့် အလေအလွင့်ဖော်ထုတ်ခြင်း၊ အုပ်စုအလိုက် တွေ့ရှိချက်များတင်ပြခြင်း၊ အဓိကပြဿနာများနှင့် အချက်အလက်ကွာဟမှုဖော်ထုတ်ခြင်းများ ဆောင်ရွက်ကြပြီး အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မူဝါဒအကြံပြုချက်များဖော်ထုတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ သတ်မှတ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါဆွေးနွေးပွဲတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဝါကဲ့သို့ အဆင့်ဆင့်ချိတ်ဆက်နေသော စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများအတွက် တန်ဖိုးပိုမိုဖန်တီးနိုင်မှု၊ သွင်းအားစုများအပေါ် မှီခိုနေရမှု၊ ပြည်တွင်းထုတ်လုပ်မှုကိုမြှင့်တင်ရန်လိုအပ်နေမှုတို့ကို အောင်မြင်စွာ ဖော်ဆောင်နိုင်ပါက ဝါတန်ဖိုးကွင်းဆက် အဆင့်တိုင်းတွင် တန်ဖိုးတိုးမြှင့်မှုများ သိသိသာသာတိုးတက်လာမည့်အပြင် ကုန်ကြမ်းပြတ်လပ်မှုနှင့် ပြည်ပမှ ချည်တင်သွင်းရမှုအပေါ် မှီခိုနေရမှုကိုလည်း လျော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် MSME များ၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ထုတ်ကုန်အရည်အသွေးများကို မြှင့်တင်ပေးနိုင်ပြီး တောင်သူများအတွက်လည်း ခိုင်မာသော စျေးကွက်ချိတ်ဆက်မှုနှင့် အမြတ်ဝေစုအခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာကာ ပြည်တွင်းစျေးကွက်မှသည် ပြည်ပတင်ပို့စျေးကွက်အထိ အဆင့်မြှင့်တင်တက်လှမ်းသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဝါစိုက်တောင်သူများ စိုက်ဧကတိုးချဲ့နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး စိုက်နည်းစနစ်မှန်ကန်စေရေးအတွက်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြပြီး ကမ္ဘာ့ဝါနေ့ဖြစ်ပေါ်လာပုံနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဝါနေ့၏ အနှစ်သာရ (Theme) Video Clip ကိုလည်း ပြသခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်ရုံမှူးများ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)မှ ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များ၊ ဝါစိုက်ပျိုးထုတ်လုပ်သူများ၊ ဝါကြိတ်စက်ရုံနှင့် ချည်မျှင်၊ အထည်အလိပ်၊ အဝတ်အထည်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ပညာရှင်များ၊ သုတေသီများနှင့် နည်းပညာရှင်များ တက်ရောက်ကြသည်။

ဝါအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးကွင်းဆက်စရိတ်လေ့လာဆန်းစစ်ရေး အလုပ်ရုံဆွေးနွေးပွဲကိုအောက်တိုဘာလ ၇ ရက်မှ ၈ ရက်အထိ ၂ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

e-Government စနစ် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

e-Government စနစ်ကိုထိရောက်စွာအကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်ရန်နှင့် ပြည်သူများအတွက် ပွင့်လင်းမြင်သာပြီး အမှန်တကယ် လျင်မြန်ထိရောက်သည့် ဝန်ဆောင်မှုများကို ပေးအပ်နိုင်စေရန်ရည်ရွယ်၍ e-Government စနစ်အား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက မိမိတို့ဝန်ကြီးဌာနအနေဖြင့် e-Government စနစ် အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် အဓိကဒေါက်တိုင် (၃)ခုဖြစ်သည့် အခြေခံအဆောက်အဦ (Infrastructure)၊ စနစ်နှင့် အပလီကေးရှင်းများ (Systems & Applications) နှင့် လူစွမ်းအား အရင်းအမြစ် (Human Capital) များကို ဘက်ပေါင်းစုံမှ အချိုးညီညီ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အားကစားရေးရာဝန်ကြီးဌာန e-Government အကောင်အထည်ဖော်ရေးနှင့်ဆိုက်ဘာလုံခြုံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူက အစိုးရဌာနများ၏ အရေးကြီးသတင်းအချက်အလက်များလုံခြုံမှုရှိစေရန်နှင့် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအနေဖြင့် သတ်မှတ်ကာလအတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးက e-Government စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် e-Government စနစ်နှင့်စပ်လျဉ်းသည့် နည်းပညာများ Software နှင့် Hardware များဖြင့် ရုံးလုပ်ငန်းဆိုင်ရာများတွင် လက်ရှိအသုံးပြုလျက်ရှိသည့်အခြေအနေများနှင့်ရှေ့ဆက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးအကြံပြုပြောကြားပြီး e-Government စနစ်အား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် တစ်ဦးတစ်ယောက်တည်း၊ ဌာနတစ်ခုတည်းမှ ဆောင်ရွက်၍မရသည့်အတွက် တာဝန်ရှိသူများနှင့် နည်းပညာကျွမ်းကျင်သူများအားလုံး၏ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြဝတီ

သမိုင်းဝင်ဗိုလ်ချုပ်အောင်ဆန်းဈေးနှုန်း(၁၀၀)ပြည့်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်မြို့၏ သမိုင်းဝင်အထင်ကရနေရာတစ်ခုဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဈေး၏ နှစ်(၁၀၀)ပြည့်ရာပြည့်ပွဲတော် အခမ်းအနားကို ယနေ့တွင် အဆိုပါဈေးနေရာ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်းဈေး နှစ်(၁၀၀)ပြည့်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပွဲတော်စီစဉ်ကျင်းပသူ ဒေါ်ချောစုထွေးက ရာပြည့်ပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် စျေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

“ဒီပွဲက နှစ် (၁၀၀) ပြည့်ပွဲလည်းဖြစ်သလို ယဉ်ကျေးမှုအမွေအနှစ်ကို ကမ္ဘာကသိအောင် ထုတ်ဖော်ပြသတဲ့ ပွဲလည်းဖြစ်ပါတယ်။ ပွဲတော်မှာ မြန်မာ့အနုပညာလက်ရာပြခန်းတွေ၊ ဂိမ်းအစီအစဉ်တွေ၊ ဉာဏ်စမ်းအစီအစဉ်တွေလည်း ထည့်သွင်းပေးထားပါတယ်” ဟု ဒေါ်ချောစုထွေးကပြောသည်။



ဗိုလ်ချုပ်အောင်ဆန်းဈေး (ယခင်စကော့ဈေး) သည် ၁၉၂၆ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ရန်ကုန်မြို့၏ ယဉ်ကျေးမှုနှင့် စီးပွားရေးသမိုင်းကြောင်းတွင် မှတ်တိုင်တစ်ခု အဖြစ်ရပ်တည်ခဲ့ပြီး ယင်းသမိုင်းဝင်မှတ်တိုင်ကို ဂုဏ်ပြုသောအားဖြင့် ယခုကဲ့သို့ ခမ်းနားထည်ဝါသော ရာပြည့်အခမ်းအနားကို ကျင်းပခြင်းဖြစ်ကာ ပွဲတော်ကို အောက်တိုဘာလ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်လမ်းမကြီးပေါ်၌ တည်ရှိသော ဗိုလ်ချုပ်အောင်ဆန်းဈေး (ယခင်စကော့ဈေး) သည် ၁၉၂၆ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ကာ စကော့ဈေးဟု အမည်သတ်မှတ်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဈေးဟု အမည်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါဈေးကြီးသည် ရန်ကုန်မြို့၏ ရှေးဟောင်းအမွေအနှစ်စာရင်းဝင် အဆောက်အအုံတစ်ခုဖြစ်ပြီး ကျောက်မျက်ရတနာ၊ မြန်မာ့ရိုးရာအထည်အလိပ်များ၊ တိုင်းရင်းသားရိုးရာလက်မှုပစ္စည်းများ၊ ပန်းချီကားများနှင့် ရှေးဟောင်းပစ္စည်းအရောင်းဆိုင်များ စုပေါင်းတည်ရှိရာ ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်သူများအား အထူးဆွဲဆောင်လျက်ရှိသော သမိုင်းဝင်ဈေးကြီးဖြစ်ကြောင်း သိရသည်။

လင်းခန့်

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

အခန်း(၄)

နန်းညွှန့်ရွှေပြည် အရပ်ဆီသို့

ခါတစ်ရံ ဆရာတော်ကြီးခိုင်းမှသာ ရောက်ဖြစ်သော နယ်စားကြီး၏အိမ်တော်ကြီးက ရေနံချေးများ စိမ်းစိုအိလျက် ကြီးကျယ်ခမ်းနားလှသည်။ ငယ်ကျွန်များနေထိုင်ကြသည့် တဲတန်းသည်ပင် အတန်ပင်ကောင်းလှ၏။ မီးဖိုဆောင်၌ ဝင်လိုက်ထွက်လိုက် ချက်ပြုတ်နေကြသူ အမျိုးသမီးများကလည်း ရွာထဲက အများသူငါနှင့်မတူ တစ်မူဆန်းနေသည်။

ယခုကဲ့သို့ ဦးကျော်ရွှေး အလည်ပြန်လာမှသာ အိမ်တော်ပါ ငယ်ကျွန်တစ်အုပ်တစ်မကြီးဖြင့် ရောက်လာတတ်ခြင်းဖြစ်၏။ ဤတစ်ခေါက် နယ်စားကြီး ရောက်လာလျှင် ရွှေပြည်တော်သည် မျှော်တိုင်းမဝေးတော့လေပြီ။ မြင်းဇောင်းကြီးထဲတွင် မိညိုတို့သားအမိသုံးကောင်အပြင် မြင်းအကောင်နှစ်ဆယ်မျှရှိသည်။ မိညိုက မြင်းမကလေးတစ်ကောင်ပင် ထပ်မွေးထားချေပြီ။ ဖိုးလုံးကလည်း သူ့အမေ မိညိုကဲ့သို့ပင် အလျားဒေါက်ကောင်းကောင်း လည်ဆံမွေးတဖားဖားနှင့် မြင်းလားမြောက်နေလေပြီ။ ခြံစည်းရိုးအနားက ရပ်ကြည့်တိုင်း သားအမိနှစ်ကောင်စလုံးက သူ့ကို မှတ်မိနေ၏။ နှာတဖူးဖူးမှုတ်ကာ နားရွက်များထောင်ကြည့်နေတတ်ကြသည်။

“ဟ ညီလေး ဘာလာလုပ်နေတာလဲကွ၊ အိမ်ထဲဝင်လေ၊ အထဲမှာ ဦးရီးလည်းရှိသကွဲ့၊ ခဏနေ မင်းတို့ကျောင်းကို ဆွမ်းပို့လာတော့မလို့ ပြင်နေကြသကွဲ့ လာလေကွယ်”

“နေပါစေ ရွာသူကြီးအိမ်က ဆွမ်းအုပ်ယူလာရင်း မိညိုတို့သားအမိကို ဝင်ကြည့်တာပါ”

“ဟုတ်ရဲ့လားကွာ မင်းလာကြည့်တာ လူမိညိုမဟုတ်ဘူးလားကွဲ့”

“ဟာဗျာ မဟုတ်ပါဘူးဗျ”

ချစ်စံစကားကြောင့် ဘုန်းကြီးကျောင်းသားအရိုးခံကလေး နားမလည်နိုင်ဘဲ အူကြောင်ကြောင်ဖြင့် ရှက်ကိုးရှက်ကန်းဖြစ်သွား၏။ ငချစ်စံက သူ့အဖြစ်ကိုကြည့်ကာ သဘောကျစွာ ရယ်မောလေသည်။

“ကျီစယ်တာပါကွာ၊ ခင်ညိုက မြို့တော်က အိမ်မှာကွ၊ မင်း ဟိုရောက်ရင် တွေ့ရမှာပါ၊ ဟဲဟဲဟဲ မယ်ညိုက ငါ့နှမလေးနော်”

“ဟာဗျာ ကိုကြီးစံကလည်း”

ဘုန်းကြီးကျောင်းသား သဘောပေါက်သွားကာ မျက်နှာနီမြန်းလျက် ရှက်သွေးများလျှံတက်လာသည်။ တိုက်တိုက်ဆိုင်ဆိုင် သူကလေးအမည်းကလည်း မြင်းမလေးကို သူချစ်စနိုးမှည့်ခေါ်ခဲ့သော နာမည်နှင့် လာတူနေပါလားဟုတွေးရင်း ပြုံးမိသွားသည်။

“အမ်မယ် ပြောတော့ မဟုတ်ဘူးတဲ့၊ ခုတော့ ငါးခု ပြုံး ပြုံးလို့ပါလား၊ ကဲ လာလာ မင့်မြင်းလေးတွေကို အနံ့လေးပေးလိုက်ပါဦး"

မိညိုတို့သားအမိက စံနက်ကျော်မျက်နှာကို နှုတ်သီးလေးများဖြင့်ထိုးကာ မေးရိုးကြီးများက စံနက်ကျော်၏ ပခုံးပေါ်ထိုးတင်ပွတ်သပ်နေကြသည်။ ဆွမ်းပို့သွားတော့မည်ဖြစ်၍ သူတို့လှည်းယဉ်ကြေးနှင့် လိုက်ခဲ့တော့သည်။

ဤရက်ပိုင်းတွင် ဆရာတော်က မည်သည့်စာဝါမျှ မတက်ခိုင်းတော့ဘဲ စံနက်ကျော်၏ အင်္ကျီအဝတ်အထည်ကလေးများနှင့် ပေရွက်ကညစ်တံလေးများကို ထုပ်ပိုးသိမ်းဆည်းခိုင်းထား၏။ ခါတိုင်း စကားပြောဖော်၊ စာတက်ဖော် ပခန်းကိုရင်ကြီးကလည်း စာတော်ပြန်ပွဲအတွက် ရွှေမြို့တော်က မင်းထင်ကျောင်းတိုက်ကြီးသို့ ရောက်သွားချေပြီ။

ဧရာဝတီမြစ်လယ် သံပိုကျွန်းရွာက လာနေသော ဘဝတူကျောင်းအိပ်ကျောင်းစား မောင်ပိုက်ကြီးခမျာ စံနက်ကျော် ရွှေမြို့တော်လိုက်သွားတော့မည်ဖြစ်၍ အားငယ်စိတ်မကောင်းဖြစ်နေရှာသည်။ မောင်ပိုက်ကြီးမှာ ဉာဏ်ရည်ဉာဏ်သွေးထိုင်းသော်လည်း အလွန်သန်မာ၏။ ထို့ကြောင့် သူနှင့် လေ့ကျင့်ခွင့်ရသည်မှာ စံနက်ကျော် အထူးကံကောင်း၏။ သူ့အရပ်အမောင်း၊ သူ့အင်အားကိုမီရန်အတွက် စံနက်ကျော် ပိုအားစိုက်ရ၏။ ယခုဆိုလျှင် ခန္ဓာကိုယ်အရပ်အမောင်းချင်းကွာသော်လည်း လက်လှဲ၊ နပန်းသတ်ကဲ့သို့ အားအင်အသုံးပြုရသော ကစားနည်းများကိုပင် စံနက်ကျော်ကို သူမနိုင်တော့ပေ။ ထိုအခါတွင်လည်း သူက ရိုးသား၏။ လူကောင်တုတ်ခိုင်ထွားကျိုင်းပြီး သူ့ရှိုးရပါသော်လည်း အငြိုးအတေးမထား၊ စံနက်ကျော်ကို တစ်အူထို့ဆင်းကဲ့သို့ သံယောဇဉ်ကြီးသူဖြစ်၏။

“ဟေး စံနက် မြန်မြန်လုပ်ကွ ငါတို့နဲ့ရွှေမြို့တော်ကို အခုပဲ လိုက်ခဲ့ရတော့မယ်ကွ”

ရှေ့ဆုံးက အသော့နှင့် မောင်းဝင်လာသော ငချစ်စံက လှမ်းအော်ရင်း မြင်းကုန်းနီးအပိုများကို ပစ်ချကာ မြင်းပေါ်က ခုန်ဆင်းလိုက်၏။ သူ့နောက်မှ ဦးကျော်ရွှေးက တပည့်ငါးယောက်နှင့်အတူ ဖိုးလုံးကြီးကို စီးလာသည်။ မိညိုကြီးမှာ ခရီးရှည်ထွက်ရတော့မည်ကို သိနေသည့်အလား ခွာတရှဉ်ရှပ် နှာတဖူးဖူးနှင့် မြူးကြွနေ၏။ ရက်ပိုင်းအတွင်း ရွှေမြို့တော်သို့ သွားရတော့မည်ဆိုကတည်းက ခြံထဲတွင် ခြေချုပ်မိနေသော မိညိုကို ကျောင်းသို့ခေါ်ယူကာ ညနေတိုင်း ချွေးထွက်ကျင့်ထားပြီးဖြစ်သည်။

“ဟဲ့ငစံနက် လာခဲ့ ဒီအနား”

ဆရာတော်ကြီးက ခြေရင်းသို့ခေါ်ကာ ခွဲခွာရတော့မည့်တပည့်ကို ဆုံးမသြဝါဒများ မှာကြားရှာလေသည်။

မင်းခယောက်ျား ကမ်းနားသစ်ပင်
မင်းချစ်လျှင်ပြုံး မုန်းလျှင်ဆုံး
ရှင့်ဘုန်းမျက်ငြား ကြောင်းသုံးပါး
ဆုံးစားမရှိ ကျင့်ကြံဘိဟူသော မင်းလက်ဝဲကြီး၏

“မှန်ပါ့ လူလုံးလူဖန်နဲ့ ကြန်အင်ကတော့ ပြောဖွယ်မရှိပါဘုရား”

“ကဲဒကာကြီး စိတ်ချပါပြီ၊ ဟဲ့ ဒါနဲ့ နင့်မိဘရပ်ရွာများ သွားပြောချင်သေးသလားကွဲ့.”

“မသွားတော့ပါဘူးဘုရား အရှင်ဘုရားပဲ အကြောင်းကြားပေးပါဘုရား”

“ကဲဒကာရွှေးရေ-
မင်းခယောက်ျား နောက်သို့ငဲ့လျှင်
သံယောဇဉ်ဖြတ် မအပ်နေရာ
သွေခွာတင်းကုပ် မဆုတ်မတွန့်
အရှင့်ကျွန်လျှင် အမွန့်ဆံဖျား
ဦးထိပ်ထားသည်ဆိုတဲ့ ညောင်ရမ်းသူရဲကောင်းထင်ငယ်လိုပါပဲဗျား”

“မောင်မင်း ရွှေနန်းတော်ကြီးမှာ ခစားနေရာသင့်ပြီဆိုရင် အမိအဖနဲ့မွေးရပ်ကို အကြောင်းသင့်မှပြန်ရောက်တော့မကွဲ့နော”

■ ရောဝတီမြစ်လယ် သံပိုကျွန်းရွာကလာနေသော ဘဝတူကျောင်းအိပ်ကျောင်းစား မောင်ပိုက်ကြီးခမျာ စံနက်ကျော် ရွှေမြို့တော်လိုက်သွားတော့မည်ဖြစ်၍ အားငယ်စိတ်မကောင်းဖြစ်နေရှာသည်။ မောင်ပိုက်ကြီးမှာ ဉာဏ်ရည်ဉာဏ်သွေးထိုင်းသော်လည်း အလွန်သန်မာ၏။ ထို့ကြောင့် သူနှင့် လေ့ကျင့်ခွင့်ရသည်မှာ စံနက်ကျော် အထူးကံကောင်း၏. . .

စာများဖြင့် အမှာပါး ဆုံးမရှာသည်။

“အရှင်ဘုရား မိန့်တဲ့အတိုင်းပါဘုရား၊ ကလေးက တစ်နှစ်ကျော်ကျော်အတွင်းကို အတော်ကြီးထွားကျိုင်းလာတာပဲ”

“ထွားဆို ဒကာကြီးရယ် အစားကလည်းသန်၊ ကစားကလည်း မှန်ဆိုသလို တက်ရွယ်ကိုး ဒကာကြီးရဲ့။ ဒီကောင်က ကြိုးဘားတွေ၊ လောက်လွှဲတွေလည်း သူ့ဘာသာ အားတိုင်းလေ့ကျင့်နေတော့ စားလိုက်၊ ကစားလိုက်ကိုးဗျ၊ ဟိုကထိုင်နေတဲ့ ငပိုက်ကြီးနဲ့ဆို ကစားဖက်ပေါ့၊ ညနေတိုင်း ဟိုးမြစ်ကမ်းသောင်ပြင်မှာ သူ့မြင်းမကြီးနဲ့ အပြေးပြိုင်တဲ့ကောင် ဒကာကြီးရဲ့.”

စံနက်ကျော်နောက်မှ ကလေးမျက်နှာသွင်ပြင်ဖြင့် ထိုင်နေသော သျှောင်ပေစူး ခွေးချေးပုံဆံထုံးကလေးနှင့် မောင်ပိုက်ကြီးက စံနက်ကျော်ထက်ပင် သန်မာပုံရ၏။ သူ့ပုံက စံနက်ကျော်ကဲ့သို့ လူရည်လူသွေးမဟုတ်ခိုင်းသလောက်သာ လုပ်တတ်မည့် ရုပ်လက္ခဏာဖြစ်ကြောင်း ဦးကျော်ရွှေး အကဲခတ်မိသည်။

ဦးကျော်ရွှေးက သူ့မျက်နှာကို စေ့စေ့ကြည့်ကာ အကဲစမ်းလိုက်လေသည်။ စံနက်ကျော်ကလည်း တည်ကြည်သော ဣန္ဒြေနှင့်ပင် မဆုတ်မတွန့် ရဲဝံ့ပြတ်သားစွာပြောလိုက်သည်။

“ဟုတ်ကဲ့ နေနိုင်ပါတယ် ဦးကြီး”

“တစ်ယောက်ထွန်းပေါ် ပညာကျော်က၊ ပေါက်ဖော်မိသား၊ ကုန်ကျော်ကြား၏၊ တစ်ပါးထေရ်မော်၊ ပညာကျော်က၊

ကျောင်းပျော်အများ၊ ကုန်ကျော်ကြား၏တဲ့”ရိုးသားကြိုးစားကွဲ့နော့၊ ကဲကဲ ဒါဆို ငစံနက် မင်းရဲ့ယူစရာ ပစ္စည်းလေးတွေနဲ့ ပေ၊ ပုရပိုက်လေးတွေ သိမ်းဆည်းထုပ်ပိုးချေကွဲ့.”

ရွှင်လန်းတက်ကြွစွာဖြင့် အပြေးဆင်းသွားသော စံနက်ကျော်နောက်သို့ ငချစ်စံနှင့် ပွဲကျောင်းသားတစ်သိုက်လည်း အပြေးလိုက်သွားကြ၏။ ငချစ်စံက ရွှေမြို့တော်ကြီးက သူ့ဦးရီးတော်အိမ်တွင် ပျော်အောင်နေရန် အခြေကျလျှင် သူ့ကိုခေါ်ပါရန် တတွတ်တွတ်ကပ်၍မှာနေ၏။

ဆက်လက်ဖော်ပြပါမည်။



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက်ရေကူးဘူတာရုံလမ်းရှိ လောကသစ္စာဓမ္မောရုံ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ရပ်ကွက်နေပြည်သူများ၊ ရေကူးစည်ပင်လိုင်းခန်းနေဝန်ထမ်းများနှင့် မိသားစုဝင်များအား ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါတို့ပြန်ကာကွယ်ဆေးတိုက်ကျွေးခြင်းကို အောက်တိုဘာလ ၇ ရက်တွင် ဆောင်ရွက်နေစဉ်။

ရန်ကင်း

ဒေးဒရဲမြို့နယ်၌ လယ်ယာမြေများ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျော်) ကြဲပက်စိုက်ပျိုး

ဒေးဒရဲ အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်ရှိ လယ်ယာမြေများ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံများမစိုက်ပျိုးမီ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျော်) ကြဲပက်စိုက်ပျိုးနိုင်ရေး လိုအပ်သောမျိုးစေ့များရရှိနိုင်ရန် ရည်ရွယ်၍ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျော်) ကြဲပက်စိုက်ပျိုးပွဲအခမ်းအနားကို အောက်တိုဘာလ ၆ ရက်က ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ၌ ကျင်းပသည်။

အဆိုပါစိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြိုးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ စုပေါင်း၍ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျော်) မျိုးစေ့များ ကြဲပက်စိုက်ပျိုးကြသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျော်) စိုက်ပျိုးခြင်းသည် မြေနေရာမရွေးစိုက်ပျိုးဖြစ်ထွန်းခြင်း၊ မြေတွင်းအာဟာရဓာတ်ကြွယ်ဝစေ၍ မြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ မြေဆီလွှာတိုက်စားမှုမှကာကွယ်ပေးခြင်း၊ ပိုးမွှားရောဂါကျရောက်မှုတားဆီးပေးခြင်း၊ သီးနှံအထွက်နှုန်းတိုးစေခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှုလျော့နည်း၍ ကုန်ကျစရိတ်သက်သာစေခြင်း၊ မျိုးအဖြစ်ထုတ်လုပ်ပါက ဒေသမရွေးစိုက်ပျိုးနိုင်ခြင်း၊ အပိုဝင်ငွေရရှိနိုင်ခြင်းနှင့် လျှော်အဖြစ်အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

အေဇာလင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၇

မလေးရှားနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား ယနေ့ည နေပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာသံရုံး သို့ရောက်ရှိလာရာ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် သံအမတ်ကြီးနှင့် စစ်သံမှူးတို့က မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် မိတ်ဆက်ပေးပြီး တာဝန်ထမ်းဆောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားရာတွင် အားကောင်းသည့်နိုင်ငံဖြစ်သဖြင့် ပညာတော်သင်များစေလွှတ်၍ ရနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် အထောက်အပံ့ကောင်းဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏တာဝန်များကို လာရောက်တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုပြီး မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းသွားကြရန်၊ မြှင့်တင်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

❖ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်နိုင်ရေး သံရုံး၊ စစ်သံရုံးဝန်ထမ်းများအနေဖြင့် ဆက်လက်ကြိုးပမ်းထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ် . . .

❖ မလေးရှားနိုင်ငံအတွင်း၌ မြန်မာနိုင်ငံမှ အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများရှိကြပြီး မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေဖြင့် ၎င်းတို့နှင့်ပတ်သက်၍ တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်ပေးသွားရန်လို၊ ၎င်းတို့သည် မြန်မာနိုင်ငံသားများပင်ဖြစ်သည့်အတွက် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ် . . .

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး အာဆီယံအဖွဲ့ကြီးသည် လူမှုအသိုက်အဝန်းတစ်ခုအဖြစ် တည်ဆောက်ထားသည့်အဖွဲ့ကြီးဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းကြောင်းများကို ပြန်ကြည့်မည်ဆိုပါကလည်း နှစ်နိုင်ငံအကြား ကောင်းမွန်သည့် ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ကူးသန်းရောင်းဝယ်မှုများရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်နိုင်ရေး သံရုံး၊ စစ်သံရုံး ဝန်ထမ်းများအနေဖြင့် ဆက်လက်ကြိုးပမ်းထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မလေးရှားနိုင်ငံအတွင်း၌ မြန်မာနိုင်ငံမှ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများရှိကြပြီး မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေဖြင့် ၎င်းတို့နှင့်ပတ်သက်၍ တတ်နိုင်သမျှထိန်းသိမ်းစောင့်ရှောက်ပေးသွားရန်လိုကြောင်း၊ ၎င်းတို့သည် မြန်မာနိုင်ငံသားများပင်ဖြစ်သည့်အတွက် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ပနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်မှုနှင့် ကူးလူးဆက်ဆံမှုများရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သံတမန်ရေးရာဝန်ထမ်းများအနေဖြင့် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံသို့ မလေးရှားနိုင်ငံမှတင်ပို့နေသည့် သွင်းကုန်များရှိသကဲ့သို့ မလေးရှားနိုင်ငံမှလိုအပ်နေသည့် ပို့ကုန်များကိုလည်း မြန်မာနိုင်ငံမှ တင်ပို့နေရသည်များလည်းရှိသည်ဖြစ်သဖြင့် စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လူမှုရေးပိုင်းဆိုင်ရာအဖွဲ့အစည်းများ အချင်းချင်း၊ ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုများနှင့်ပတ်သက်၍လည်း တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာတော်သင်များ စေလွှတ်ရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံသည်လည်း ပညာရေးပိုင်းဆိုင်ရာတွင် အားကောင်းသည့်နိုင်ငံဖြစ်သဖြင့် ပညာတော်သင်များစေလွှတ်၍ ရနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် အထောက်အပံ့ကောင်းဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏တာဝန်များကို လာရောက်တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုပြီး မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းသွားကြရန်၊ မြှင့်တင်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကိုပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် သင်တန်းသားများကလက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး သံရုံးဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

★ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဦးမြင့်ကြိုင်၊ ဦးမောင်မြင့်၊ ဦးထွန်းအုံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် ၁၂ နာရီ ၃၀ မိနစ်ခန့်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မစ္စတာ ဒါတွတ်ဆရီ ဂျိုဟာရီ အဗ္ဒူလ် ဂါနီ ဦးဆောင်သည့် မလေးရှားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ညီညီဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ ကြိုဆိုနှုတ်ဆက်စဉ် မလေးရှားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကလည်း ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ခရီးဦးဂုဏ်ပြုကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ



ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစော၊ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဆွေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

ဆဋ္ဌမအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ၂၀၂၆ ခုနှစ်အောက်တိုဘာလ ၅ ရက်က ကျင်းပသည့် ဆဋ္ဌမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေးနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။



ဦးစွာ ရုရှား-မြန်မာအစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးမစ္စတာမက်ခ်ဆင်း ရယ်ရဲသင်ငြကော့ဗ်တို့သည် သီးသန့်တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် ကော်မရှင်အစည်းအဝေး၏မျက်နှာစုံညီအစည်းအဝေးကိုကျင်းပရာ ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဆဋ္ဌမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေး၏ ဆွေးနွေးမှုမှတ်တမ်းကို အတည်ပြုပြီးကျန်းမာရေး၊ပညာရေး၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့နိုင်စေရန်ရည်ရွယ်၍ နှစ်နိုင်ငံအကြား စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။


ထို့ပြင် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးခြင်းနှင့် စီးပွားရေးဆိုင်ရာ အဆက်အသွယ်များ ထူထောင်ခြင်းတို့ကို ပြုလုပ်နိုင်စေရန် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ (Business-to-Business -B2B Session) ကိုလည်း ကျင်းပခဲ့သည်။

အောက်တိုဘာလ ၄ ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ JSC "Center-Inform" မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များသည် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ (Business-to-Business -B2B Session) ကို တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

မိုးလေဝသ သတင်း




မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄° C	/	၃၅° C
ရန်ကုန်	၂၅° C	/	၃၄° C
မန္တလေး	၂၅° C	/	၃၆° C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဗိုးတန်ရေချိုကို ချွေတာကြပါစို့

နိုင်ငံတစ်ဝန်းစိမ်းလန်းစိုပြည်ဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

အယ်လ်နီညိုနှင့်ပတ်သက်၍ စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင် လျှပ်စစ်မီးရရှိရေး၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းဆောင်သစ်များနှင့် ပညာရေးအထောက်အကူပြုသိုလှောင်ရုံဆောက်လုပ်ပေးရေး၊ ပညာသင်စရိတ်ချေးငွေများထုတ်ချေးပေးရေး၊ တက္ကသိုလ်များနိုင်ငံတကာအဆင့်မီအောင်ဆောင်ရွက်ပေးရေး၊ ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ပေးရေး၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း ဥပဒေကို အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့်အဆို ၂ ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ တီးတိန်မဲဆန္ဒနယ်မှ ဦးဆလိုင်းအောင်ပြည့်၏ **မဟာဓာတ်အားလိုင်း(၆၆)ကေဗွီလိုင်းအား ကလေးမြို့မှ တီးတိန်မြို့သို့ သွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တီးတိန်မြို့အား မဟာဓာတ်အားလိုင်းစနစ်ဖြင့် ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆၆ ကေဗွီ ကလေး - တီးတိန်-သိုင်းငင်း ဓာတ်အားလိုင်း မိုင် ၄၀ နှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၁ ရက်တွင် ဂျပန်နိုင်ငံ JICA (MY-P30) ချေးငွေစီမံကိန်းအသစ်တွင် ထည့်သွင်းလျာထားခဲ့သော်လည်း ချေးငွေစီမံကိန်းအသစ်မှာ အကောင်အထည်မဖော်နိုင်ဘဲ ဆိုင်းငံ့လျက်ရှိပါသဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ညှိနှိုင်းတောင်းဆိုမှုအရ တီးတိန်မြို့သို့ မဟာဓာတ်အားလိုင်းစနစ်အမြန်ဆုံး ရောက်ရှိနိုင်စေရေးအတွက် ၆၆ ကေဗွီ ကလေး-သိုင်းငင်း-တီးတိန် ဓာတ်အားလိုင်းမိုင် ၄၀ တည်ဆောက်ခြင်းအစား လျှပ်စစ်ဓာတ်အား ရောက်ရှိပြီးဖြစ်သည့် ၆၆ ကေဗွီ ဂန့်ဂေါ-ဟားခါး-ဖလမ်း-သိုင်းငင်း ဓာတ်အားလိုင်းမှ ဆက်လက်ချိတ်ဆက်၍ ၆၆ ကေဗွီသိုင်းငင်း-တီးတိန် ဓာတ်အားလိုင်း ၁၆ ဒသမ ၃ မိုင်နှင့် ၆၆ ကေဗွီ တီးတိန်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ လျာထားဆောင်ရွက်ခဲ့ပါကြောင်း။

၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၆ ဒသမ ၃ မိုင်တည်ဆောက်ခြင်းအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပထမအသုတ် တာဝါတိုင်များအား ငွေကျပ်သန်း ၁၂၉၂ ဒသမ ၉၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒုတိယအသုတ် တာဝါတိုင်များ၊ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာနှင့် ဓာတ်အားခွဲရုံ ပစ္စည်းများအား ငွေကျပ် ၄၆၇၅ ဒသမ ၀၇၉ သန်းဖြင့်လည်းကောင်း စုစုပေါင်းငွေကျပ် ၅၆၇၅ ဒသမ ၉၉၉ သန်းဖြင့် တင်ဒါခေါ်ဝယ်ယူခဲ့သော်လည်း နယ်မြေအခြေအနေအရ လုပ်ငန်းခွင်သို့ ပစ္စည်းပေးပို့နိုင်မှုမရှိသေးသဖြင့် နေပြည်တော်၊ ဌာနစုတို့တွင်ပစ္စည်းများအား စုဆောင်းသိမ်းဆည်းထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ လျာထားဆောင်ရွက်ခြင်းအား ရပ်နားထားခဲ့ပါကြောင်း။

ကျန်ရှိသည့် တတိယအသုတ် တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများနှင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ မြို့ပြနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်စရိတ်များအတွက် ငွေကျပ် ၆၂၆၆ ဒသမ ၀၂၃ သန်းအား ထပ်မံလျာထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီးလတ်တလောနယ်မြေအခြေအနေအရပစ္စည်းများပို့ဆောင်ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းအား ဆက်လက်လျာထား ဆောင်ရွက်နိုင်ခြင်း မရှိပါသဖြင့် နယ်မြေအခြေအနေအရ လုပ်ငန်းဆောင်ရွက်နိုင်သည့်အခါ ကျန်ရှိပစ္စည်းများ အပြီးသတ်ဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအား ပြည်ထောင်စုရန်ပုံငွေဖြင့် ဆက်လက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်္ဂပူမြို့နယ်ရှိထူးကြီးဒေသ၊ချောင်းခွ၊ညောင်ပင်ကြီးကွင်း၊ တစ်တီတူးကွင်း စသည့်ကျေးရွာအုပ်စုများ၌ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်ကဏ္ဍရာထူးတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီးဒေသရှိ ချောင်းခွကျေးရွာအုပ်စုတွင်ကျေးရွာ ၅ ရွာ၊ ညောင်ပင်ကြီးကွင်းကျေးရွာအုပ်စုတွင် ကျေးရွာ ၆ ရွာနှင့် တစ်တီတူးကွင်း ကျေးရွာအုပ်စုတွင် ကျေးရွာ ၃ ရွာ၊ စုစုပေါင်း ကျေးရွာ ၁၄ ရွာရှိပြီး အဆိုပါ ကျေးရွာ ၁၄ ရွာ အနက် ညောင်ပင်ကြီးကွင်းကျေးရွာအုပ်စု၊ ဘန့်ဘွေးကုန်းကျေးရွာနှင့် တစ်တီတူးကွင်းကျေးရွာအုပ်စု၊ တစ်တီတူးကွင်းကျေးရွာတို့သည် ဓာတ်အားစနစ်ဖြင့် ဓာတ်အား ဖြန့်ဖြူးပြီး ဖြစ်ပါကြောင်း။

အင်္ဂပူမြို့နယ်ရှိ ထူးကြီးဒေသ၊ ချောင်းခွအုပ်စု၊ ညောင်ပင်ကြီးကွင်း အုပ်စု၊ တစ်တီးတူး ကွင်းအုပ်စုတို့မှ မီးလင်းရန်ကျန်သည့်ကျေးရွာ ၁၂ ရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၆ဒသမ၇၆ မိုင်နှင့် ၁၁/ သုည ဒသမ၄ ကေဗွီ၊ ထရန်စဖော်မာ ၁၂ လုံး တည်ဆောက်ခြင်း လုပ်ငန်းများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အဆင့်ဆင့်လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျေးရွာများအတွင်း ဗို့ ၄၀၀ ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းများအားကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ်၊အ.ထ.က (ခွဲ)ဝါးခွ၊ အ.မ.က (ရေစင်)နှင့် အ.ထ.က(ခွဲ) ထန်းပင်ကန်တို့တွင် ကျောင်းဆောင်အသစ် (၁)လုံးစီ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ၊မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မလှိုင်မြို့နယ် ဝါးခွ-အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ကျောင်းဆောင် ၅ ဆောင်၊ စာသင်ခန်း ၁၅ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း ၄ ခန်း လိုအပ်ကြောင်း၊ တွေ့ရှိရသည့်အတွက် အဆိုပါလိုအပ်သော စာသင်ခန်း ၄ ခန်းအတွက် ပေ ၁၂၀ x ၃၀ RC တစ်ထပ်ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ ကျောင်းဆောင်အသစ်ဆောက်လုပ်ရန် အဆိုပါလိုအပ်သော စာသင်ခန်း ၄ ခန်းအတွက် ပေ ၁၂၀ x ၃၀ RC တစ်ထပ်ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရေစင်-အခြေခံပညာမူလတန်းကျောင်းတွင် ပေ ၁၂၀ x ၃၀ အုတ်ညှပ်တစ်ထပ်ဆောင် ၅ ဆောင်၊ စာသင်ခန်း ၆ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း ၃ ခန်း လိုအပ်ကြောင်း၊ တွေ့ရှိရသည့်အတွက် အဆိုပါလိုအပ်သော စာသင်ခန်း ၃ ခန်းအတွက် ပေ ၆၀ x ၃၀ RC တစ်ထပ်ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်ထန်းပင်ကန်-အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ကျောင်းဆောင်များအနေဖြင့် ပေ ၁၅၀ x ၃၀ အုတ်ညှပ်တစ်ထပ်၊ ပေ ၁၂၀ x ၃၀ အုတ်ညှပ်တစ်ထပ်၊ ပေ ၁၀၀ x ၃၀ အုတ်ညှပ်တစ်ထပ်၊ စုစုပေါင်း ကျောင်းဆောင် ၃ ဆောင်၊ စာသင်ခန်း ၁၂ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း ၃ ခန်း လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းအော့-အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ကျောင်းသားဦးရေအရ လိုအပ်သော စာသင်ခန်း ၃ ခန်း အတွက် ပေ ၉၀ x ၃၀ RC တစ်ထပ် ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန်၊ အဆိုပါကျောင်း၏ ပေ ၁၅၀ x ၂၅ ပေ အုတ်ညှပ် ၂ ထပ်ဆောင် အမိုးသွပ်ပေါက်ပြဲ၍ မိုးယိုနေခြင်းအား အကြီးစားပြုပြင်ရန်နှင့် ကျောင်းပိုင်မြေသည် ၁ ဒသမ ၁၆၈ ဧကရှိပြီး လိုအပ်လျက်ရှိသည့် ပေ ၂၈၀ အုတ်တံတိုင်းကာရံရန် လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် ပြည်နယ်၏ တန်းစီဇယားဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါကျောင်းတွင် ဝန်ထမ်းအိမ်ရာ ထပ်မံဆောက်လုပ်ရန် မြေနေရာလုံလောက်မှုမရှိပါကြောင်းနှင့် လက်ရှိ ဝန်ထမ်းအိမ်ရာများအား လုံခြုံမှုရှိစေရေး အမြန်ဆုံးပြင်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သုံးခွမဲဆန္ဒနယ်မှ ဦးအောင်ကျော်မင်း၏ **သုံးခွမြို့နယ် မြို့မ-အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်ဟောင်း ဖျက်သိမ်းခွင့်ပြုရန်နှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့မ-အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ခန်း ၂၁ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း ၅ ခန်း လိုအပ်ကြောင်း၊ တွေ့ရှိရသည့်အတွက် အဆိုပါလိုအပ်သော စာသင်ခန်း ၅ ခန်းအတွက် ပေ ၉၀ x ၃၀ RC တစ်ထပ် ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့မ-အခြေခံပညာအထက်တန်းကျောင်းရှိခရေဆောင် ပေ ၁၀၀ x ၃၀ (အန္တရာယ်ဆောင်) သည် အင်ဂျင်နီယာ ထောက်ခံချက်အရ အန္တရာယ်ရှိပါသဖြင့် ဖျက်သိမ်း၍ ၎င်းကျောင်းဆောင်တွင်သင်ကြားနေသော စာသင်ခန်း ၃ ခန်းနှင့် ကျောင်းသားဦးရေအရလိုအပ်သော စာသင်ခန်း ၅ ခန်း၊ စုစုပေါင်း စာသင်ခန်း ၈ ခန်းအတွက် ပေ ၁၄၀ x ၃၀ RCC ၂ ထပ်တိုးချဲ့အသစ်ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျုံပျော်မဲဆန္ဒနယ်မှ ဦးဇော်မင်း၏ **ကျုံပျော်မြို့နယ် ခရိုင်ပညာရေးမှူးရုံး၌ ပညာရေးအထောက်အကူပြုသိုလှောင်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျုံပျော် ခရိုင်ပညာရေးမှူးရုံး ပေ ၁၀၀ x ၃၀ RC ၂ ထပ် အဆောက်အအုံအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန် ပုံငွေဖြင့် တည်ဆောက်ခဲ့ပြီး ဝန်ထမ်းအင်အားအနေဖြင့် အရာထမ်း ၁၅ဦး၊ အမှုထမ်း ၂၃ဦး စုစုပေါင်း ဝန်ထမ်း ၃၈ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ခရိုင်ပညာရေးမှူးရုံးအနေဖြင့် ခရိုင်အတွင်းရှိမြို့နယ်များသို့ဖြန့်ဝေမည့် ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်များ၊ ဆရာကိုင် ဆရာလမ်းညွှန်စာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ၊ ဗလာစာအုပ်များ ထားသိုနိုင်ရေးအတွက် လိုအပ်လျက်ရှိသော ပေ ၁၂၀ x ၃၀ RC တစ်ထပ် သိုလှောင်ရုံအား လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေဖြင့်တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **တက္ကသိုလ်ပညာနှင့် အဆင့်မြင့်ပညာ သင်ကြားရန် အဝင်အခဲရှိသူများအား ပညာသင် စရိတ်ချေးငွေများ ထုတ်ချေးပေးရန် စာမျက်နှာ ၈ သို့ ▶**

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်နိုင်သော ရာသီဥတု အကျိုးသက်ရောက်မှုများ





◗ စာမျက်နှာ ၇ မှ

မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးဝန်ကြီးဌာနသည် အမှန်တကယ်ခွန်မ်းပါးဆင်းရဲသော မိသားစုများမှ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ပညာဆက်လက်သင်ယူနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးများကို တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ကပ်လျက်ပညာသင်နှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပထမနှစ် (နေ့သင်တန်း) တက်ရောက်လျက်ရှိသော စုစုပေါင်းကျောင်းသားဦးရေ ၏ ၁၀ ရာခိုင်နှုန်းအား ပထမဘွဲ့ရရှိသည်အထိ ပညာသင်နှစ် တစ်နှစ်လျှင် ၁၀ လ၊ တစ်လလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် သတ်မှတ်ချက်နှင့်ကိုက်ညီသူများအား နှစ်စဉ်ချီးမြှင့်လျက်ရှိပါကြောင်း။

တက္ကသိုလ်များတွင် One campus, Two-system စနစ်ဖြင့် နေ့သင်တန်းများအပြင် အဝေးသင်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသောကြောင့် ချို့ငဲ့နွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဝင်ငွေရရှိသည့် အလုပ်လုပ်ကိုင်လျက် တက္ကသိုလ်ပညာ၊ အဆင့်မြင့်ပညာများဆက်လက်သင်ယူနိုင်ပါကြောင်း၊ ပညာရေးတက္ကသိုလ်များသို့ တက်ရောက်သော ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်ကစားသောက်စရိတ်များထောက်ပံ့ပေးအပ်ကာ B.Ed ဘွဲ့ရရှိပြီးနောက် အထက်တန်းပြဆရာများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်စေလျက်ရှိပါကြောင်း။

ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတွင် နိုင်ငံတော်ကစားသောက်စရိတ် ထောက်ပံ့ကျွေးမွေးကာ ကျောင်းအိပ်၊ ကျောင်းစားစီစဉ်ထားရှိ၍ စားသောက်ရေး၊ နေထိုင်ရေးတို့ကို စီမံဆောင်ရွက်ပေးထားပြီး ၄ နှစ်သင်တန်းပြီးဆုံးပါက မူလတန်းပြန့်အလယ်တန်းပြဆရာများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်စေလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် ကျောင်းသားလူငယ်များတက္ကသိုလ်ပညာ၊ အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ရန်အတွက် လုံလောက်သည့် တက္ကသိုလ်ပညာသင်စရိတ်ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နေ့သင်တန်းတက်ရောက်နေသော ချို့ငဲ့နွမ်းပါးသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ်မဲဆန္ဒနယ်မှဒေါက်တာကျော်ကျော်ဌေး၏ **နိုင်ငံတော်ကဖွင့်လှစ်ထားသည့်တက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီရေး မည်သို့ဆောင်ရွက်နေသည်နှင့် ဆောင်ရွက်သွားမည့်အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က ပညာရေးဝန်ကြီးဌာနသည်တက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီရေးအတွက် သင်ရိုးညွှန်းတမ်းများ နိုင်ငံတကာအဆင့်မီရေးပေါင်းစပ်ဘာသာရပ်များနှင့် အသုံးချဘာသာရပ်များ တိုးချဲ့သင်ကြားရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအဆင့်မီသင်ရိုးများဖြစ်စေရန်အတွက် သင်ရိုးသစ်များ နှစ်စဉ်ပြင်ဆင်ရေးဆွဲခြင်းတို့ကို ဘာသာရပ်သင်ကြားရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိပါကြောင်း၊ Tutorials, Assignments, Practicals များကို ပုံမှန်ဆောင်ရွက်စေပြီး တီထွင်ဆန်းသစ်သောသင်ကြားသင်ယူမှုဖြစ်စေရန် Project-based Learning (PBL) အပါအဝင် ကျောင်းသားဗဟိုပြုသင်ကြားနည်းများ အကောင်အထည်ဖော်ခြင်း၊ ဒီဂျစ်တယ်နည်းပညာ အသုံးပြုသင်ကြားသင်ယူမှု ဖြစ်စေရန် Learning Management System (LMS) တည်ထောင်ခြင်းနှင့် Digital Library များ ဖွင့်လှစ်ထားရှိခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

သင်ကြားရေး ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ ရက်တိုလေ့လာရေး ခရီးစဉ်များနှင့် နှစ်ရှည်နိုင်ငံခြားပညာတော်သင် စေလွှတ်ခြင်းများ လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်များ အဆင့်မြှင့်တင်နိုင်ရေးအတွက်နိုင်ငံတကာပညာသင်ဆုများမှတစ်ဆင့် နိုင်ငံခြားတက္ကသိုလ်များတွင် ပါရဂူဘွဲ့သင်တန်းတက်ရောက်နိုင်ရေးနှင့် ပါရဂူဘွဲ့ရများ မွေးထုတ်ပေးရေးကိုလည်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီကိုဖွဲ့စည်းပြီး အရည်အသွေးအာမခံမှုစနစ်လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်များတွင် Internal Auditing နှင့် External Auditing of ASEAN University Network ၏ "AUN QA Criteria"ကျင့်သုံးလျက် Programme Level နှင့် Institutional Level တို့တွင် အရည်အသွေးအာမခံမှုနှင့် အသိအမှတ်ပြုခြင်းများရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့တက္ကသိုလ်အဆင့်သတ်မှတ်ချက်စနစ်ဖြစ်သော Times Higher Education (THE)၏ စံသတ်မှတ်ချက်များဖြစ်သည့် 5 Pillars နှင့် 17 Performance Indicators များကို အခြေခံပြီး အခြားနာမည်ကြီး ကမ္ဘာ့တက္ကသိုလ်အဆင့်သတ်မှတ်ချက်တစ်ခုဖြစ်သော QS Asia University Rankings ၏ လက်ရှိစံသတ်မှတ်ချက်ဖြစ်သော 11 Indicators ကိုပြည့်မီရေးတွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများမျှော်မှန်းချက်ဖြစ်သည့် မြန်မာတက္ကသိုလ်များနိုင်ငံတကာအဆင့်မီရေးအတွက် "Quality Education, Digital Transformation, Research & Innovation, Internationalization & Quality Assurance" ဟူသော ကဏ္ဍများကို အဓိကထား၍ စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်းတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမကို မည်သည့်တက္ကာရေးနှစ်တွင် တည်ဆောက်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က မိုးညှင်းတက္ကသိုလ်သည် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး တက္ကသိုလ်မြေဧရိယာ ဧက ၂၁၀ ကျယ်ဝန်းပါကြောင်း၊ မိုးညှင်းတက္ကသိုလ်တွင် မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ဗန်းမော်ခရိုင်တို့မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ယူလျက်ရှိပါကြောင်း။

မိုးညှင်းဒီဂရီကောလိပ်မှမိုးညှင်းတက္ကသိုလ်အဖြစ်သို့ ၂၀၂၀ ပြည့်နှစ်တွင်အဆင့်တိုးမြှင့်ဖွင့်လှစ်ပြီးနောက် ပထမအကြိမ်ဘွဲ့နှင်းသဘင်၊ ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်နှင့် တတိယအကြိမ်ဘွဲ့နှင်းသဘင်နေ့သင်တန်း၊ အဝေးသင်သင်တန်းအပိုင်းခွဲ၍ ဘွဲ့နှင်းသဘင်အခမ်းအနားကို အလျားပေ ၈၀၊ အနံ ပေ ၅၀ အကျယ်ရှိဘက်စုံသုံးခန်းမတွင်ကျင်းပပြီး ဘွဲ့များ အပ်နှင်းချီးမြှင့်ခဲ့ပါကြောင်း။

တက္ကသိုလ် ဘွဲ့နှင်းသဘင် အဆောက်အအုံသည်တက္ကသိုလ်၏ ဂုဏ်ဒြပ်ဖြစ်သည့်အတွက် ဘက်ပေါင်းစုံမှ စဉ်းစားတွက်ချက်ခြင်း၊ အဆိုပြုနေရာနှင့် အဆိုပြုပုံစံဒီဇိုင်းများရေးဆွဲပြီး ဦးစားပေးအဆင့်အလိုက်သတ်မှတ်ရွေးချယ်ခြင်းတို့ကို ရေရှည်အကျိုးမျှော်ကိုး၍ အဆင့်ဆင့် စနစ်တကျတည်ဆောက်ကြရပါကြောင်း။

မိုးညှင်းတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပြီးနောက် တိုးတက်လာသော ကျောင်းသားဦးရေနှင့်အညီ တက္ကသိုလ်အဆင့် ဘွဲ့နှင်းသဘင် အဆောက်အအုံတည်ဆောက်နိုင်ရေးအတွက် အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့် အညီစစ်ကာ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **၁၉၈၄ ခုနှစ်၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေကို အမျိုးသားရေးဥပဒေ၏ မူဝါဒများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီဂျစ်တယ်သင်ယူမှုပုံစံများနှင့် ကိုက်ညီစေရန်အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းရန် မည်သို့ဆောင်ရွက်ထားသနည်းနှင့် အနာဂတ်တွင်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေကို ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်တွင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်ဇူလိုင် ၇ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံပညာရေးကော်မတီ၏ ၁/၂၀၁၃ အစည်းအဝေးဆုံးဖြတ်ချက်အရ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဆရာတစ်ဦးသည် ကိုယ်ပိုင်သင်တန်းအများဆုံး ၃ ခုအထိ သင်ကြားနိုင်ပြီး ကိုယ်ပိုင်သင်တန်းတစ်ခုလျှင် ကျောင်းသင်ဘာသာရပ် ၃ ခုအထိသင်ကြားနိုင်ပါကြောင်းနှင့် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေကိုပြန်လည် စိစစ်ဆဲကာလတွင် ကျင့်သုံးရန်မူအဖြစ် အခြေခံပညာဦးစီးဌာနက ဆက်လက်လိုက်နာဆောင်ရွက်နေဆဲဖြစ်ပါကြောင်း။

ဘာသာရပ်သင်ဆရာ အရည်အချင်းသတ်မှတ်ချက်အနေဖြင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူသို့မဟုတ် ဆရာအတတ်ပညာသင်တန်းဆင်း လက်မှတ်ရရှိသူဖြစ်ရန်လိုအပ်ပြီး ဘွဲ့သင်တန်းနောက်ဆုံးနှစ်တွင် ဖြေဆိုခဲ့သော ဘာသာရပ်သို့မဟုတ်ဆရာအတတ်ပညာသင်တန်းတွင်ဖြေဆိုအောင်မြင်ခဲ့သော ဘာသာရပ်ကို သင်ကြားရမည်ဖြစ်ပြီး ဆရာကျင့်ဝတ်သိက္ခာနှင့်ကိုက်ညီ၍ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ဆရာမှတ်ပုံတင် လက်မှတ်ရရှိပြီးမှသာ သင်ကြားခွင့်ရရှိမည်ဖြစ်ပါကြောင်း။

၁၉၈၄ ခုနှစ် ကိုယ်ပိုင်သင်တန်းဥပဒေတွင်ပါရှိသာ အသုံးအနှုန်းများနှင့်ပြစ်ဒဏ်သတ်မှတ်ချက်ငွေကြေးနှုန်းထားများမှာ ခေတ်ကာလနှင့် လိုက်လျောညီထွေမရှိခြင်းကြောင့် လိုအပ်ချက်များ ထပ်မံဖြည့်စွက်၍ ပြင်ဆင်နိုင်ရေးအတွက်အခြေခံပညာဦးစီးဌာနက ပြန်လည်စိစစ်လျက်ရှိပါကြောင်း၊ အွန်လိုင်းနှင့်ဒီဂျစ်တယ်သင်ကြားရေးစနစ်များကိုလည်း ထည့်သွင်းစိစစ်လျက်ရှိပါကြောင်း၊ ဥပဒေ ပြင်ဆင်ချက်များသည် ယေဘုယျအားဖြင့် မူရင်းဥပဒေပြဋ္ဌာန်းချက်များ၏ ထက်ဝက်သို့မဟုတ် သုံးပုံနှစ်ပုံကျော်နေလျှင် ဥပဒေအသစ်အနေဖြင့် ရေးဆွဲရန် ပြဋ္ဌာန်းထားပါသဖြင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက်ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၏ **“ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ(ဝိဇ္ဇာချွန်ဆု/သိပ္ပံချွန်ဆု)ရွေးချယ်၍အထူးလေ့ကျင့်ပြုစု ပျိုးထောင်ရေးအစီအစဉ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၈) နိုင်ငံသား၊ ပုဒ်မ ၃၆၈ နှင့်အညီ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆို”** ကိုတင်သွင်းရာ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်းက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအားလက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက်ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **“နိုင်ငံသူနိုင်ငံသား မိဘပြည်သူလူထု တစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာဝန်ဝိုနေမှုများကို လျှော့ချပေးနိုင်ရန်အတွက်နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာအဆင့်မီကုသမှုခံယူနိုင်ရန်အတွက် ဒေသစုံကြီးများအလိုက်အဆင့်မြှင့်အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းသည့်အဆို”**ကိုတင်သွင်းရာ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်းက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသုရက်မြောက်နေ့ကိုရုပ်နှာလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို အောက်တိုဘာလ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်လှစ်ပို့ချ



ပွင့်ဖြူ အောက်တိုဘာ ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဒေသတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်း ဖွင့်ပွဲကို အောက်တိုဘာလ ၇ ရက်တွင် ဘုရားကုန်းကျေးရွာ ရွာလယ်ခမ္မာရုံ၌ ကျင်းပသည်။

ရေးဦးစွာမင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသူလင်းက သင်တန်းသားများအနေဖြင့် ဒေသတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်သင်တန်းမှ ပို့ချသင်ကြားပေးမည့် သင်ခန်းစာများကို ဂရုတစိုက် လေ့လာမှတ်သား သင်ယူသွားကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သီးနှံစိုက်ပျိုးရေး၌ မဖြစ်မနေသိရှိလိုက်နာဆောင်ရွက်ရမည့် သဘာဝမြေဩဇာပြုလုပ်ပုံနှင့် သုံးစွဲနည်းစနစ်များ၊ EM ဖျော်ရည်ပြုလုပ်နည်းနှင့် သုံးစွဲနည်းစနစ်များကို သင်တန်းသား၊ သင်တန်းသူ ၂၀ဦးဖြင့် အောက်တိုဘာလ ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

မအူပင်မြို့၌ ဆီထွက်သီးနှံနေကြာမျိုးစေ့နှင့် ဓာတ်မြေဩဇာပေးအပ်

မအူပင် အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ဆီထွက်သီးနှံနေကြာမျိုးစေ့နှင့် ယူရီးယားဓာတ်မြေဩဇာ(MPE) ပေးအပ်ပွဲကို အောက်တိုဘာလ ၇ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မအူပင်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမိုးကျော်အောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဆီထွက်သီးနှံအထူးဇုန် (၂)တာဝန်ခံဦးမင်းနိုင်နှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးဇော်မင်းထွန်းတို့က ဆီထွက်သီးနှံနေကြာမျိုးစေ့ ပေးအပ်ခြင်းနှင့် ယူရီးယားဓာတ်မြေဩဇာ (MPE) ထုတ်ဝေပေးခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆီထွက်သီးနှံနေကြာစိုက်ပျိုးမည့် တောင်သူများအား တာဝန်ရှိသူများက ဆီထွက်သီးနှံနေကြာမျိုးစေ့နှင့် ယူရီးယားဓာတ်မြေဩဇာ(MPE) များ ပေးအပ်ကြကြောင်း သိရသည်။

စန်းစန်း

စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြော



ပျော်ဘွယ် အောက်တိုဘာ ၇

မန္တလေးတိုင်းဒေသကြီးပျော်ဘွယ်မြို့နယ် အခြေခံပညာမူလတန်းကျောင်း(ဆည်ရွာ)၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အထ တိုးပွားလာစေရန်နှင့် စာဖတ်ခြင်းမှရရှိနိုင်သည့် အသိပညာ၊ ဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၆ ရက်တွင် ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေစောမွန်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့်စာဖတ်ခြင်းကိုစိတ်ဝင်စားပြီး အလေ့အထကောင်းတစ်ရပ်အဖြစ် ဆက်လက်ဖော်ဆောင်နိုင်စေရန်၊ စာဖတ်ခြင်းမှတစ်ဆင့် အသိပညာ၊ ဗဟုသုတများ တိုးပွားလာစေရန်နှင့် ပညာရေးအတွက် အထောက်အကူပြုစေရန်ရည်ရွယ်၍ ဟောပြောပွဲများအား ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျွမ်းကျင် (၃) (ရုပ်သံ) ဦးစံဌေးက ကျောင်းသား၊ ကျောင်းသူများ စာဖတ်ခြင်းကို ပိုမိုစိတ်ဝင်စားလာစေရေး၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး သုတ၊ ရသ စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

(၄၀၂)

နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကိုလျော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

ရိုးရာအမွေ ခိုင်မြဲစေ

❖ စာပေဂီတ၊ သုခုမသည်
ရသစုံလင်၊ အမြင့်စင်နှင့်
မြေပြင်မှာဆိုင်း၊ မြေဝိုင်းသဘင်
တူယှဉ်တင်ဆက်၊ ပြည်သူ့တွက်ကို
လေးနက်ခိုင်ကျည်၊ လက်တွဲညီစွာ
ပြည်သာယာရေး၊ ရည်မျှော်တွေးဆ
ထမ်းခဲ့ကြသည် မျိုးဂုဏ်ရည်။

❖ နားဝင်ပီယံ၊ ဗုံထောက်သံနှင့်
အမှန်မယွင်း၊ သီချင်းရကန်
ဗုံကြီးသံပြင်၊ အဲအန်တျာချင်း
ဂုဏ်မယွင်းခဲ့၊ ဒုံးချင်းသာချင်း
သီချင်းသံသာ၊ စင်မဟာတွင်
စဉ်လာသမိုင်း၊ ဂုဏ်မရိုင်းခဲ့
ယှဉ်နိုင်းကာသိ သမိုင်းရှိ။

❖ ယခုအခါ၊ ခေတ်ကာလပြောင်း
ရေစီးကြောင်းကြောင့်၊ အဟောင်းကိုပစ်
အသစ်ချစ်၍၊ ခေတ်သစ်သဘင်
အမြင့်စင်တွင်၊ ယခင်ခေတ်ဟောင်း
တေးဟောင်းတေးမြတ်၊ ရှေးအတတ်ကို
ရေးစပ်မှုမှာ မှေးမှိန်လာ။

❖ နောင်ခါမျိုးဆက်၊ ဆင့်ကမ်းလက်ဖြင့်
ခက်လက်ဝေဆာ၊ စင်မဟာတွင်
မင်္ဂလာပြည့်၊ စဉ်လာရှိသည့်
နီတိအမွန်၊ တေးသဝဏ်အား
ရေးညွှန်ယှဉ်ဟပ်၊ ရှေးအတတ်ကို
မြတ်နိုးစွာဖြင့်၊ ဂုဏ်ယူဝင့်စွာ
စင်မြင့်မဟာ တင့်စေရာ။

❖ ဆို က ရေး တီး၊ ပြိုင်ပွဲကြီးတွင်
ဆို တီး ကကြ၊ သုခုမနှင့်
ကပြရန်တွက်၊ တေးသီလက်တို့
ခေတ်ဆက်ဆက်တွင်၊ သမိုင်းဝင်သည့်
တို့ယဉ်ကျေးမှု၊ စာပေစုကို
ရှေးရှုကာပင်၊ မဟာစင်ဝယ်
ခုံမင်မြတ်နိုး၊ တန်ဖိုးထားကာ
ယှဉ်ပြိုင်ကာဖြင့်၊ ရိုးရာယဉ်ကျေး
ဂုဏ်ပျံ့မွှေး၍၊ တို့သွေးတို့သား
တိုင်းရင်းသားတွေ၊ ချစ်ပွားဝေ
ရိုးရာအမွေ ခိုင်မြဲစေ။ ။

မောင်လေပြေ(တောင်တွင်း)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊တန့်ယန်းမြို့ရှိနယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင်စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊အောင်သပြေခက်များကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြု အမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဂုဏ်ပြုနေ့လယ်စာအတူတကွသုံးဆောင်ခဲ့ကြကြောင်းသတင်းရရှိသည်။ **(၁၀၀)**


➤ ရှေ့ဖုံးမှအဆက်

များအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့များထံ လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ DPLA အမည်ခံအဖွဲ့ဝင် အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး ၄ ဦး၊ KNPP အမည်ခံအဖွဲ့ဝင် အမျိုးသား ၁ ဦး၊ စုစုပေါင်း ၄၈ ဦးတို့သည် လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့သဖြင့် မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပအိုဝ်း/ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။


ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တိုင်းမှူးကအလင်းဝင်ရောက်လာသူ လူငယ်များအား အသိပညာပေးရှင်းလင်းပြောကြားသည်။ထို့နောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်က ဥပဒေအကြောင်းအရာများအား ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MA-1 သေနတ် ၂ လက်၊ AK-47 သေနတ် ၁ လက်၊ ကျည်အိမ်မျိုးစုံ ၆ ခု၊ လက်ပစ်ဗုံး ၂ လုံး၊ ကျည်မျိုးစုံ ၂၅၁ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် ၃ လက်အတွက် ငွေကျပ် သိန်း ၁၅၀၊ လက်ပစ်ဗုံး ၂ လုံးအတွက် ငွေကျပ် ၆ သိန်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ ၄၈ ဦး အတွက် တစ်ဦးလျှင် ၁ သိန်းနှုန်းဖြင့် ငွေကျပ် ၄၈ သိန်း၊ စုစုပေါင်းဆုကြေး ငွေကျပ် ၂၀၄ သိန်းနှင့် လက်ဆောင်ပစ္စည်းများအားပေးအပ်ရာ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။

ယနေ့အခမ်းအနားတွင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား အသိပညာပေးရှင်းလင်းပြောကြားသည်။ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ရဝ်စောက် မြို့နယ်မှအမျိုးသား ၂၄ဦး၊အမျိုးသမီး ၄ ဦး၊ ပင်းတယမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ ရွာငံမြို့နယ်မှ အမျိုးသား ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖို မြို့နယ်မှ အမျိုးသား ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား ၁ ဦး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှ အမျိုးသား ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်မှအမျိုးသား ၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်မှ အမျိုးသား ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်မှ အမျိုးသား ၁ ဦး၊ကယားပြည်နယ်၊မယ်စဲ့မြို့နယ်မှ အမျိုးသား ၁ ဦးတို့ဖြစ်ကြောင်း သိရှိရသည်။



တပ်မတော်၏ တိုက်စစ်ကိုခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် DPLA နှင့် KNPP အဖွဲ့များသည် မိသားစုဝင် ဆွေမျိုးများနှင့်အကျပ်ကိုင်၍အတင်း အဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အဦများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက် ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြားခြင်း၊ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် စည်းရုံးမှုကြောင့် ကျောက်မဲမြို့နယ်ထဲမှာ သင်တန်းအမှတ်စဉ် (C-4) သင်တန်းတက်ရောက်ခဲ့ရပါတယ်။ သင်တန်းဆင်းပြီးတော့ နောင်ချိုဒေသမှာ တာဝန်ထမ်းဆောင်ခဲ့ပြီး ကျွန်တော်တို့ အနေနဲ့ DPLA အကြမ်းဖက်အဖွဲ့မှာ ဆက်နေရင် အသက်သေဆုံးနိုင်သလို မသေရင်လည်း အဖမ်းခံရနိုင်တာကြောင့် ၂၀၂၆ ခုနှစ်စက်တင်ဘာလမှာတော့ အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တော့လည်း တပ်မတော်မှ တာဝန်ရှိသူတွေက သားသမီးလို ညီအစ်ကိုလို နွေးထွေးစွာပြောဆိုဆက်ဆံတယ်။ ကောင်းမွန်စွာထားပြီး မိသားစုသဖွယ် စောင့်ရှောက်တဲ့အတွက် လွန်စွာဝမ်းသာကျေးဇူးတင်မိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ အခုလို အလင်းဝင်တဲ့လမ်းကြောင်းကို ရွေးချယ်ခဲ့တာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ တောထဲမှာ ကျန်ရှိခဲ့တဲ့ လူငယ်တွေကိုလည်း တောထဲမှာနေပြီး အကြောင်းမဲ့အသက်သေဆုံးမယ့်အစား မိသားစုနဲ့အတူ ဘဝကိုအေးချမ်းစွာဖြတ်သန်းနိုင်ဖို့ တပ်မတော်နဲ့ လက်တွဲကာ အလင်းဝင်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်”ဟုပြောသည်။



အမှတ်စဉ် (A-6)အား တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတော့ DPLA အကြမ်းဖက်အဖွဲ့ထဲမှာ အမျိုးသမီးတပ်ရင်းမှာ ထမင်းချက်လိုက် ဟင်းချက်လိုက် လုပ်ပေးခဲ့ရပါတယ်။ DPLA အကြမ်းဖက်အဖွဲ့မှာ နေရတာ ပင်ပန်းတယ်၊ ဆင်းရဲတယ်၊ မိသားစုနဲ့ ခွဲခွာနေထိုင်ရတယ်၊ လူငယ်တစ် အခွင့်အလမ်းတွေလည်း ဆုံးရှုံးတယ်၊ ဘယ်အချိန်သေမယ် မှန်းမသိ အဲဒါကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှာ ထွက်ပြေးခဲ့ပါတယ်။ အဲဒီနောက်တော့ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်မှာ အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တော့လည်း တပ်မတော်မှ တာဝန်ရှိသူတွေက ညီအစ်ကိုလို မောင်နှမလို သားသမီးလို နွေးထွေးစွာ ပြောဆိုဆက်ဆံတယ်၊ မိသားစုသဖွယ် ဆက်ဆံတဲ့အတွက် ကျွန်မဝမ်းသာကျေနပ်ခဲ့ရပါတယ်။ အဲဒါကြောင့် ကျွန်မအနေနဲ့ အခုလို အလင်းဝင်ရောက်တဲ့ လမ်းကြောင်းကို ရွေးချယ်ခဲ့တာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ တောထဲမှာ ကျန်ရှိခဲ့တဲ့ လူငယ်တွေကို တောထဲမှာနေပြီးအကြောင်းမဲ့အသက်သေဆုံးမယ့် အစား မိသားစုနဲ့အတူ ပြန်လည်နေထိုင်ပြီး ဘဝကိုအေးချမ်းစွာဖြတ်သန်းနိုင်ဖို့ တပ်မတော်နဲ့ အတူလက်တွဲပြီး အလင်းဝင်ရောက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်ရှင့်” ဟုပြောသည်။ **(၁၀၀)**

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၇

ယနေ့ နံနက် ၀၉ နာရီ ၅၉ မိနစ် ၂၀ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(တမူးမြို့၏ အရှေ့မြောက်ဘက် ၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၄ ဒသမ ၂၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၇ ဒီဂရီ၊ အနက် ၁၁၁ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/၈လ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်
(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား ၂၀ ကီလိုမီတာ
လမ်းလျှောက်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်
(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီး ၂၀ ကီလိုမီတာ
လမ်းလျှောက်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်
(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား မီတာ-၁၅၀၀
ပြေးပြိုင်ပွဲလူရွေးပွဲ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်
(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီး မီတာ-၁၅၀၀
ပြေးပြိုင်ပွဲလူရွေးပွဲ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်
(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား(၁၀)မျိုးစုံ
(၁)မီတာ-၁၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်
(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား မီတာ-၈၀၀
ပြေးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်
(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီး မီတာ-၈၀၀
ပြေးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်
(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား မီတာ-၂၀၀
ပြေးပြိုင်ပွဲ လူရွေးပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်
(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီး မီတာ-၂၀၀
ပြေးပြိုင်ပွဲ လူရွေးပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်
(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား(၁၀)မျိုးစုံ
(၄)တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်
(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား မီတာ-၄၀၀
တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်
(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား (၁၀)မျိုးစုံ
(၅)မီတာ-၄၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။

❍ ကျောဖုံးမှအဆက်

အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ အမျိုးသား၊ အမျိုးသမီး ၂၀ ကီလိုမီတာလမ်းလျှောက်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ-၁၅၀၀ ပြေးပြိုင်ပွဲလူရွေးပွဲ၊ အမျိုးသား(၁၀)မျိုးစုံ (၁)မီတာ-၁၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ-၈၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား (၁၀)မျိုးစုံ

စာမျက်နှာ ၁၂ သို့ ❍



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း
တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲတွင်
အမျိုးသားအတိုက်ပြိုင်ပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း
တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲတွင်
အမျိုးသမီးအတိုက်ပြိုင်ပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း
တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသားဘော်လီဘောပြိုင်ပွဲတွင်
ကွာတားအဆင့်ပတ်လည်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း
တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင်
ကွာတားအဆင့်ပတ်လည်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း (၃၃)ကြိမ်မြောက်
တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲတွင်
အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း (၃၃)ကြိမ်မြောက်
တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲတွင် အမျိုးသမီး
ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်
ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း (၃၃)ကြိမ်မြောက်
တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲတွင်
အမျိုးသားဓားနှစ်လက်အတိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်
ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း (၃၃)ကြိမ်မြောက်
တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲတွင်
အမျိုးသမီးဓားတစ်လက်အတိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်
ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း
တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင်
အလွတ်တန်း(၄)ယောက်တွဲ အဖွဲ့လိုက်အုပ်စုပွဲစဉ်များ
ယှဉ်ပြိုင်ကစားစဉ်။



(၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း
တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲတွင်
ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



၂၀၂၃ ခုနှစ်၊ (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး
ဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲတွင်
ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်အဖြစ် နေပြည်တော်
တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး
(လေ)ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

❍ **စာမျက်နှာ ၁၁ မှ**

(၂)အလျားခုန်ပြိုင်ပွဲဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ-၂၀၀ ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား (၁၀)မျိုးစုံ(၄)တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ-၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား (၁၀)မျိုးစုံ(၅)မီတာ-၄၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း၊ ဧရာဝတီရိုလ့ကျင့်ရေး ကွင်းအမှတ်(၁)၌ အမျိုးသား (၁၀)မျိုးစုံ(၃)သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများအပြီးတွင် အောက်တိုဘာလ ၅ ရက်နေ့နှင့် ၆ ရက်နေ့ ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့်အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

၂၀၂၃ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် ယခင်နှစ်စံချိန်များထက် အမျိုးသမီး(၇)မျိုးစုံ(၂)တန်းမြင့်ခုန်ပြိုင်ပွဲ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းမှ ယဉ်ယဉ်စိုးသည် ၂၀၂၂ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းမှ နန်းဖြူပြာမြင့်၏ စံချိန် ၁ ဒသမ ၅၈ မီတာကိုကျော်လွှန်ပြီး ၁ ဒသမ ၆၀ မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့်အပြင် ၁၉၈၅ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး(၇)မျိုးစုံပြိုင်ပွဲတွင်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းမှ ရာဒါဒေဝီ စံချိန်တင်ရရှိခဲ့သည့် အမှတ်ပေါင်း ၃၉၃၉ မှတ်အား ကျော်လွန်၍ ယဉ်ယဉ်စိုးက ရမှတ်ပေါင်း ၄၀၈၇ မှတ်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။ အလားတူ အမျိုးသမီးကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းမှ သွယ်သွယ်မိုးသည် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲတွင် ၎င်းစံချိန်တင်ထားသည့် ၄၇ ဒသမ ၄၈ မီတာအားကျော်လွှန်၍ ၅၀ ဒသမ ၀၃ မီတာဖြင့် စံချိန်သစ်အားတင်နိုင်ခဲ့ကြောင်းသိရသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျာဒုိပြိုင်ပွဲကို ဧရာဝတီရိုတပ်မတော်အားကစားရုံ(A)၌ အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများအသီးသီးယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများတွင်ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ထို့ပြင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဧရာဝတီရိုတပ်မတော် အားကစားရုံ(B)၌ အမျိုးသား၊ အမျိုးသမီးကွာတားအဆင့်ပတ်လည်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဧရာဝတီရိုတပ်မတော်အားကစားရုံ (C) ၌ အမျိုးသားဗန်တိုအတိုက်(က)တန်း၊ အမျိုးသားဗန်တိုအတိုက်(ခ)တန်း၊ ၅၅-၆၀ ကီလိုတန်း အမျိုးသမီးပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ ၄၅-၅၀ ကီလိုတန်း အမျိုးသမီးပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲအကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားနှစ်လက်အတိုက်(က)တန်း အမျိုးသားဓားနှစ်လက်အတိုက်(ခ)တန်း အမျိုးသားဓားတစ်လက်အတိုက်(က)တန်း အမျိုးသားဓားတစ်လက် အတိုက်(ခ)တန်း အမျိုးသမီးဓားတစ်လက်အတိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားတစ်ကိုယ်တော် တုတ်ရှည်သိုင်းစွမ်းရည်ပြပြိုင်ပွဲများ၊ အမျိုးသမီးနှစ်ယောက်အတွဲတိုက် စွမ်းရည်ပြပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိစံပယ်အားကစားရုံ၌ အလွတ်တန်း (၄)ယောက်တွဲ အဖွဲ့လိုက် အုပ်စုပွဲစဉ်များကိုလည်းကောင်း၊ (၅၆)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်ခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့်အကြိုဗိုလ်လုပွဲစဉ်များကိုလည်းကောင်းအသီးသီး ယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ်၊ (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဧရာဝတီရိုတပ်မတော်အားကစားကွင်း၌အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် (၂)ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ ဧရာဝတီရိုလ့ကျင့်ရေးကွင်း အမှတ်(၁)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းအား ၃ ဂိုး ၁ ဂိုး ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး အောက်တိုဘာလ ၁၀ ရက်နေ့တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ်နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမျူးရုံးအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အောက်တိုဘာလ ၁၁ ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့သည် ဧရာဝတီရိုတပ်မတော် အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။


အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

ရထားလမ်းကူး အန္တရာယ်ကင်းရှင်းရေး သင့်တာဝန်မှသည် လူတိုင်း၏အသက်ကို ကာကွယ်ပါ


စံအောင်မြတ်(ရထား)

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မှ တောင်ငူအထိ ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan)ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး တောင်ငူ – နေပြည်တော်၊ နေပြည်တော် – မန္တလေးရထားလမ်းပိုင်း၊ ပဲခူး–မော်လမြိုင်ရထားလမ်းပိုင်းနှင့် ရန်ကုန်–ပြည်ရထားလမ်းပိုင်းတို့အား နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့သဖြင့် ရထားအမြန်နှုန်းများတိုးမြှင့်ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄ ဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ပုဒ်မ ၉၉၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းနည်းဥပဒေကို ထုတ်ပြန်ထားပြီး ပြည်သူများသိရှိလိုက်နာစေရန် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်

မိဘပြည်သူများ ရထားအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ သိရှိလိုက်နာရမည့်အချက်များ



တရားမဝင်လမ်းကူးနေရာများမှ ဖြတ်သန်းခြင်း မပြုရန်နှင့် တရားဝင်လမ်းကူးနေရာမှသာ ဖြတ်သန်းရန်။



ရထားလမ်းကူးမည့်သူများသည် ဘေး ဘယ်/ညာ ကြည့်ရှုစစ်ဆေးခြင်းမရှိဘဲ ဆင်ခြင်မဲ့ဖြတ်ကူးခြင်းမပြုရ။



မီးရထားပိုင်နယ်မြေအတွင်း လူ သို့မဟုတ် ကျွဲ၊ နွားတိရစ္ဆာန်များ ကျူးကျော်ဝင်ရောက်ခြင်း၊ လွှတ်ကျောင်းခြင်း၊ ဖြတ်သန်းစေခြင်းမပြုရ။



ရထားလမ်းဂိတ်ပိတ်ထားစဉ် လွှတ်ကင်းသည့်အကွာအဝေးတွင် ရပ်တန့်ရန်။

ပြေးဆွဲချိန်လျှော့ချခြင်း၊ ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများအား ရန်ကုန်–မန္တလေး၊ ရန်ကုန်–ပြည်နှင့် ရန်ကုန်–မော်လမြိုင် ရထားလမ်းပိုင်းများတွင် ပြေးဆွဲပေးခြင်းနှင့်အတူ အခြားလူစီးရထား၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ စုစုပေါင်း ရထားစင်းရေ ၇၈ စင်းနှင့်ကုန်ရထား၊ ကျောက်ရထားများနေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။

ရထားများမြန်နှုန်းမြှင့်ပြေးဆွဲလာသည်နှင့်အမျှ ရထားလမ်းကူးများတွင် ယာဉ်အန္တရာယ်မတော်တဆမှုများနှင့် စည်းကမ်းမဲ့ရထားလမ်းဖြတ်ကူးသူများ၏ ထိခိုက်သေဆုံးမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ ရထားလမ်းအသုံးပြုဖြတ်သန်းနေရသည့်ပြည်သူများအနေဖြင့် ရထားအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ သိရှိလိုက်နာရမည့်အချက်များကို မဖြစ်မနေလိုက်နာကျင့်ကြံရမည်ဖြစ်သည်။ မြန်မာ့မီးရထားအနေဖြင့်လည်း ထိုအချက်များကိုမြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှ မကြာခဏ ပညာပေးအစီအစဉ်အနေဖြင့် ထုတ်လွှင့်ပြသပေးပြီး ရထားလမ်းဖြတ်သန်းရာ မြို့နယ်၊ ကျေးရွာများသို့လည်း တာဝန်ရှိသူများနှင့်အတူ လူထုအသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဧန်နဝါရီလ ၅ ရက်နေ့တွင် မြန်မာ့မီးရထားဝက်ဘ်ဆိုက်များတွင် ကြေညာထားရှိသည်။ အဆိုပါ ဥပဒေနှင့်နည်းဥပဒေများကိုလည်း ခေတ်နှင့်အညီဖြစ်စေရန် မြန်မာ့မီးရထားတာဝန်ရှိသူများနှင့် ဥပဒေပညာရှင်များပူးပေါင်း၍ ပြင်ဆင်လျက်ရှိပြီး ပြည်သူများကို ပိုမိုသိရှိလိုက်နာစေရန် ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

လိုက်နာရမည့်စည်းကမ်းချက်များအနေဖြင့်ရထားသံလမ်းအား ခေါင်းအုံး၍ မလဲလျောင်းရ၊ ရထားသံလမ်းပေါ်တွင် ဝိုင်းဖွဲ့စကားပြောခြင်း၊ နားနေခြင်းမပြုရ၊ မီးရထားပိုင်နယ်မြေအတွင်း လူ သို့မဟုတ် ကျွဲ၊ နွားတိရစ္ဆာန်များ ကျူးကျော်ဝင်ရောက်ခြင်း၊ လွှတ်ကျောင်းခြင်း၊ ဖြတ်သန်းစေခြင်းမပြုရ၊ ရထားတံတားပေါ်မှ ဖြတ်သန်းခြင်းမပြုမီ ရှေ့နောက်ရထားသွားလာမှုကိုကြည့်ပြီး ရထားမရှိမှသာ တံတားပေါ်မှ မြန်မြန်ဖြတ်သန်းရန်၊ ရထားလမ်းကူးမည့်သူများသည် ဘေးဘယ်၊ ညာ ကြည့်ရှုစစ်ဆေးခြင်းမရှိဘဲ ဆင်ခြင်မဲ့ ဖြတ်ကူးခြင်းမပြုရ၊ ရထားလမ်းပေါ်၊ ရထားလမ်းနှင့် မလွတ်ကင်းသည့်နေရာမှ လမ်းလျှောက်ခြင်းမပြုရ၊ ရထားစတင်ထွက်ခွာစဉ် ရထားပေါ်သို့ခုန်တက်ခြင်း၊ ရထားမရပ်မီရထားပေါ်မှ ခုန်ဆင်းခြင်းမပြုရ၊ ရထားလမ်းနှင့် မလွတ်ကင်းသည့်နေရာတွင် ယာဉ်ချွတ်ယွင်းရပ်တန့်ပါက ရထားအချိန်မီရပ်တန့်နိုင်ရေးအတွက် ရထားလာနေသည့်ဘက်သို့ လူတစ်ဦးမှ သွားရောက်အချက်ပြခြင်း၊ ရထားဝန်ထမ်းအား အသိပေးခြင်းဆောင်ရွက်ပြီးမှသာ ယာဉ်ကို လွှတ်ကင်းအောင်ဆောင်ရွက်ရန်၊ ရထားပြေးလမ်း၏ အနီးဆုံးသံလမ်းမှ (၁၀)ပေ အတွင်းမည်သည့်ပစ္စည်းမှစုပုံခြင်း၊ (၁၀)ပေ အမြင့်ထက်ပို၍စုပုံခြင်း၊ ယာဉ်များရပ်တန့်ထားခြင်း မပြုလုပ်ရ၊ ဘူတာရုံများ၌ ရထားစောင့်ဆိုင်းနေစဉ် ပလက်ဖောင်းမျဉ်းဝါလိုင်းအတွင်းသို့ ဝင်ရောက်ခြင်းမပြုရ၊ သက်ကြီးရွယ်အိုများ၊ ဆွံ့အနားမကြားသူများ၊ မသန်စွမ်းသူများ၊ ကျန်းမာရေး မကောင်းသူများနှင့် ကလေးသူငယ်များအဖော်မပါဘဲ ရထားလမ်းအား ဖြတ်သန်းသွားလာခြင်းမပြုရ၊ ရထားလမ်းကူးစဉ် ရထားလာနိုင်သည်ဟု အမြဲတွေးထားပါ၊ ရထားလမ်းဖြတ်သန်းစဉ် အမြင်နှင့် အကြားအာရုံနှောင့်ယှက်နိုင်သော နားကြပ်၊ စောင်၊ ပဝါ၊ ခေါင်းစွပ်နှင့်အခြားသော ပစ္စည်းများကို တပ်ဆင်မထားရပါ၊ ရထားလမ်းပေါ်၊ ရထားလမ်းနှင့်မလွတ်ကင်းသည့်နေရာများတွင် လက်ကိုင်ဖုန်းများဖြင့် လူမှုကွန်ရက်အသုံးပြုခြင်း၊ ဖုန်းပြောခြင်းများ ရှောင်ရှားပါ၊ သတ်မှတ်ထားသော နေရာမှသာကူးပါ၊ ရထားလမ်းကူးရှိ အန္တရာယ်ကင်းရှင်းရေး အချက်ပြဆိုင်းဘုတ်များအား သေချာစွာဖတ်ရှုပါ၊ ရထားလမ်းဂိတ်ပိတ်ထားစဉ် လွှတ်ကင်းသည့် အကွာအဝေးတွင် ရပ်တန့်ရန်နှင့် တရားမဝင်လမ်းကူးနေရာများမှ ဖြတ်သန်းခြင်းမပြုရန်နှင့် တရားဝင်လမ်းကူးနေရာမှသာ ဖြတ်သန်းရန် စသဖြင့် မိဒီယာကဏ္ဍအမျိုးမျိုးမှလည်းကောင်း၊ သက်ဆိုင်ရာ Website များတွင်လည်းကောင်း အသိပေးထုတ်ပြန်ပြီးဖြစ်သည်၊

တရားမဝင် ရထားလမ်းကူးနေရာနှင့် တရားဝင် ရထားလမ်းကူးနေရာဟုဆိုရာတွင် မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနနှင့် သွားလာပို့ဆောင်ရေးဌာနတို့မှ တာဝန်ယူပြီး ရထားလမ်းကူးဂိတ်စောင့် ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးထားသည့် တရားဝင်ရထားလမ်းကူးနေရာများ၌ မတော်တဆမှုဖြစ်နိုင်ခြေနည်းပါးပြီး တရားမဝင် ရထားလမ်းကူးနေရာနှင့် ကျေးရွာများမှတာဝန်ယူ၍ ဂိတ်စောင့်အဖွင့်အပိတ်ပြုလုပ်သော ဂိတ်များတွင်မူ မတော်တဆဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

ထို့အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရထားလမ်းပိုင်းအသီးသီးတွင် ဖြစ်ပွားခဲ့သည့် မတော်တဆမှုများကိုကြည့်မည်ဆိုလျှင် အောက်ပါအတိုင်း တွေ့ရှိရပါသည်–

မတော်တဆမှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများကို အောက်ပါအတိုင်းတွေ့ရှိရပါသည် –

- **စည်းကမ်းလိုက်နာမှု အားနည်းခြင်း:** ယာဉ်မောင်းသူများအနေဖြင့် ရထားလမ်းကူးသတိပေးဆိုင်းဘုတ်များ၊ အချက်ပြမီးများနှင့် ဂိတ်ဘယ်ရီယာများကို လျစ်လျူရှုပြီး အတင်းတိုးဝင် မောင်းနှင်ခြင်း။
- **သတိပေးချက်များကို ပေါ့ဆစွာကျော်လွန်ခြင်း:** ရထားဥဩဆွဲသံ သို့မဟုတ် ဘဲလ်တီးသံကြားရသော်လည်း ရထားနှင့် အလှမ်းဝေးသေးသည်ဟု မမှန်မကန် ခန့်မှန်းကာ လမ်းကူးကို အမြန်ဖြတ်ကူးရန် ကြိုးစားခြင်း။
- **မြင်ကွင်းမရှင်းလင်းခြင်း:** ရထားလမ်းကူး အနီးအနားတွင် သစ်ပင်၊ ချုံနွယ်များဖုံးအုပ်နေခြင်း၊ ကွေးကောက်သော လမ်းဒီဇိုင်းများရှိနေခြင်း သို့မဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြူဆိုင်းခြင်းတို့ကြောင့် ရထားလာသည်ကို မမြင်နိုင်ခြင်း။
- **ဂိတ်စောင့်များ၏ အမှားအယွင်းများ:** ဂိတ်ဝန်ထမ်းများမှ အချိန်မှန် ဂိတ်ဘယ်ရီယာမချမိခြင်း၊ ပေါ့ဆခြင်း သို့မဟုတ် လမ်းကူးအလိုအလျောက်စနစ်များ ပျက်စီးနေခြင်း။
- **အာရုံစူးစိုက်မှု နည်းပါးခြင်း:** ယာဉ်မောင်းစဉ် ဖုန်းပြောခြင်း၊ သီချင်းကျယ်ကျယ်နားထောင်ခြင်း သို့မဟုတ် အခြားအရာများသို့ အာရုံရောက်နေခြင်းကြောင့် ရထားလာသည်ကို မသိရှိလိုက်ခြင်း။
- **ယာဉ်စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်:** ရထားလမ်းကူးတွင်ဖြတ်သန်းစဉ် မော်တော်ယာဉ် သို့မဟုတ် ဆိုင်ကယ်များ စက်ထိုးရပ်သွားခြင်း သို့မဟုတ် ဘရိတ်မမိခြင်း။

ရထားလမ်းကူး(Level Crossing) များသည် ရထားနှင့် မော်တော်ယာဉ်၊ လမ်းလျှောက်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် အလွန်အရေးပါသော နေရာများဖြစ်သည်။ မီးရထားသည်မိမိသွားလိုသည့်လမ်းကြောင်းအတိုင်း သံလမ်းပေါ်တွင်သာ မောင်းနှင်ရပြီး အရှိန်ပြင်းထန်သဖြင့် ဘရိတ်ချက်ချင်းအုပ်၍ မရနိုင်ပေ။ သို့ဖြစ်ရာ ရထားလမ်းကူးများတွင် ဖြစ်ပွားသည့် မတော်တဆမှု အများစုသည် လမ်းကူးသူများ၏ ပေါ့ဆမှုနှင့် စည်းကမ်းမလိုက်နာမှုများကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ **စာမျက်နှာ ၁၄ သို့ ◆**

၂၀၂၅ ခုနှစ်အတွင်း -

လမ်းပိုင်း	ကား	သုံးဘီး ဆိုင်ကယ်	ဆိုင်ကယ်	လူ	ဂိတ် တံခါး	ထော်လာကျီ	အမှု ပေါင်း	သေဆုံးမှု	ဒဏ်ရာ ရှိ
ရန်ကုန်-မန္တလေး	၁	၂	၄	၁၀	၂	-	၁၉	၈	၅
ရန်ကုန်-ပြည်	၁	-	၃	၁	-	၁	၆	၁	၄
ရန်ကုန်-မော်လမြိုင်	၂	-	၂	-	-	-	၄	-	၂
ရန်ကုန်မြို့ပတ်	-	-	-	၁	-	-	၁	၁	-
အခြားလမ်းပိုင်း	၁	၂	၁	-	-	-	၄	၁	၁
စုစုပေါင်း	**၅**	**၄**	**၁၀**	**၁၂**	**၂**	**၁**	**၃၄**	**၁၁**	**၁၂**

၂၀၂၆ ခုနှစ်အတွင်း -

လမ်းပိုင်း	ကား	သုံးဘီး ဆိုင်ကယ်	ဆိုင်ကယ်	လူ	ဂိတ် တံခါး	ထော်လာကျီ	အမှု ပေါင်း	သေဆုံးမှု	ဒဏ်ရာ ရှိ
ရန်ကုန်-မန္တလေး	၃	၁	၅	၅	-	၁	၁၅	၁၁	၇
ရန်ကုန်-ပြည်	-	-	-	၃	-	-	၃	၁	၂
ရန်ကုန်-မော်လမြိုင်	၁	-	-	-	-	-	၁	-	-
ရန်ကုန်မြို့ပတ်	-	-	-	၃	၁	-	၄	၂	၂
အခြားလမ်းပိုင်း	-	-	၂	၆	-	-	၈	၆	၄
စုစုပေါင်း	**၄**	**၁**	**၇**	**၁၇**	**၁**	**၁**	**၃၁**	**၂၀**	**၁၅**

◆ **စာမျက်နှာ ၁၃ မှ**

ရထားလမ်းကူး မတော်တဆမှုများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သော ဂိတ်ပိတ်ထားစဉ် အတင်းတိုးဝင်ခြင်း၊ ရထားဥဩသံကြားရသော်လည်း အကွာအဝေးကို မှားယွင်းတွက်ချက်ကာ အမြန်လုဖြတ်ကူးခြင်း၊ ယာဉ်မောင်းစဉ် ဖုန်းပြောခြင်းနှင့် အာရုံစူးစိုက်မှုနည်းပါးခြင်းတို့ကြောင့် မတော်တဆမှု ဖြစ်ပွားပါက အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ကြီးမားသောထိခိုက်ပျက်စီးမှုများကို ကြုံတွေ့ရခြင်း ဖြစ်သည်။ ရထားတစ်စင်းလုံး၏ အရှိန်နှင့်အလေးချိန်သည် မော်တော်ယာဉ်တစ်စီး သို့မဟုတ် ဆိုင်ကယ်တစ်စီးထက် အဆပေါင်းများစွာ ကြီးမားသဖြင့် မတော်တဆမှုဖြစ်ပွားအောင် အထူးဂရုစိုက်ရမည် ဖြစ်သည်။

အန္တရာယ်ကင်းရှင်းရေးသည် မီးရထားဝန်ထမ်းများ၏ တာဝန်သာမက လမ်းကူးကို အသုံးပြုကြသူတိုင်း၏ တာဝန်လည်းဖြစ်သည်။ ရထားလမ်းကူးတိုင်းတွင် **"ရပ်၊ ကြည့်၊ သွား"** ဆိုသည့် ရိုးရှင်းသော အခြေခံစည်းကမ်းကို လိုက်နာခြင်းဖြင့် ကာကွယ်နိုင်သည်။ ရထားလမ်းကူးသို့မရောက်မီ အရှိန်လျှော့ခြင်း၊ ဂိတ်နှင့်သတိပေးမီးများကို လိုက်နာခြင်း၊ ရထားဥဩသံကို ဂရုစိုက်နားထောင်ခြင်းတို့သည် မိမိနှင့်မိမိ မိသားစု၏အသက်ကို စောင့်ရှောက်ပေးသည့် မရှိမဖြစ်အလေ့အကျင့်များပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ရထားလမ်းကူး အန္တရာယ်ကင်းရှင်းရေးသည် လူတိုင်းတစ်ဦးချင်းစီ၏ စည်းကမ်းရှိမှုနှင့် စာနာထောက်ထားမှုအပေါ်တွင် မူတည်နေသည်။ လမ်းကူးအချက်ပြများကို လေးစားလိုက်နာပြီး သတိတရားဖြင့် ယဉ်ကျေးစွာမောင်းနှင်ခြင်းဖြင့် ရထားလမ်းကူးမတော်တဆမှုများကို လျှော့ချနိုင်မည်ဖြစ်သလို မိမိ၏စည်းကမ်းရှိသော ပြုမူဆောင်ရွက်မှုမှတစ်ဆင့် လူတိုင်း၏အသက် အိုးအိမ်စည်းစိမ်ကို ထိရောက်စွာကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရသည်။ ။



အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၆)ကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၆)ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ် (I-20) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌဦးလှသိန်းက အဖွင့်အမှာစကားပြောကြားပြီး တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်များက ဝန်ကြီးဌာန ၁၁ ခုမှ တာဝန်ရှိသူများနှင့် ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ကော်မတီအဖွဲ့ဝင်များနှင့်ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့်အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

❖ **ရှေ့ဖုံးမှအဆက်**

စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေးနှင့် သူနာပြုသိပ္ပံသင်တန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး အထူးကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဆေးရုံအုပ်ကြီးက ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ RC နှစ်ထပ်တစ်လုံးအား ယာယီဆေးရုံအဖြစ် ပြောင်းလဲဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်တင်ပြရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သတ်မှတ်ကာလအတွင်း ပြုပြင်ခြင်းလုပ်ငန်းများပြီးစီးရေးအတွက်လုပ်ငန်းစီမံချက်အတိုင်း စနစ်တကျဆောင်ရွက်ရန်၊ ဒေသခံပြည်သူများအား ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အရေးကြီးသည့် အခြေခံအဆောက်အဦများဖြစ်သည့်အတွက် လုပ်ငန်းများပြီးစီးသည်နှင့်တစ်ပြိုင်နက်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အမြန်လည်ပတ်နိုင်ရေးဆောင်ရွက်ရန်နှင့် အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာဌာနများမှ သေချာစိစစ်ပြီး လွှဲပြောင်းလက်ခံဆောင်ရွက်ကြရန် မှာကြားသည်။

ထို့ပြင် တီးတိန်မြို့ ပြည်သူ့ဆေးရုံနှင့် တွန်းဇံမြို့ပြည်သူ့ဆေးရုံအတွက် ဆေးဝါးများနှင့်ဆေးရုံသုံးပစ္စည်းများသည်ယမန်နေ့ညနေပိုင်းက တီးတိန်မြို့သို့ ရောက်ရှိပြီဖြစ်ပြီး တီးတိန်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် အသုံးပြုမည့် 100MA ixed Type Digital ဓာတ်မှန်စက်ကိုအသုံးပြုနိုင်ရေး နေရာချဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းနှင့် ဆေးဝါးများနှင့် ဆေးရုံသုံးပစ္စည်းများအား တီးတိန်မြို့မှတစ်ဆင့် တွန်းဇံမြို့သို့ ဆက်လက်ပေးပို့ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



နယ်စပ်ရေးရာဝန်ကြီးဌာနက ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် အောက်တိုဘာ ၇

နယ်စပ်ရေးရာဝန်ကြီးဌာနနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု စက်မှုဇုန်-လင်ဖုံလေးကျေးရွာချင်း ဆက်ကျောက်လမ်း ၁ မိုင် အနက် ၄ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအခါလုပ်ငန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက လွိုင်ကော်မြို့နယ်နွားလဝိုးကျေးရွာအုပ်စု၊ ကုန်းသာကျေးရွာအုပ်စု၊ နိုးကိုးကျေးရွာအုပ်စုတို့အတွင်းရှိကျေးရွာသုံးရွာမှလူဦးရေ ၆၃၀၈ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည့်အပြင် ဒေသထွက်ကုန်ပစ္စည်းများကို အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ဈေးကွက်သို့တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

စ-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၅၀	၄၄၅၅	၄၇၀၀	၄၇၁၅	၄၇၅၀	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၅၀	၄၈၀၀	၄၇၄၀	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၇၃၀	၄၈၈၅	၄၈၃၅	၄၇၄၅	၄၈၉၀	၄၉၀၅	၄၉၃၅	၄၈၁၅	၅၁၈၅	၅၂၀၅	၄၈၃၅	၄၉၈၅	၄၉၂၅	၄၈၈၅	၄၈၉၅	၅၁၂၅
HSD (500 ppm)	၄၈၁၅	၄၉၆၅	၄၉၂၅	၄၈၃၀	၄၉၇၀	၄၉၈၀	၅၀၁၅	၄၉၀၀	-	၅၂၈၀	၄၉၃၅	၅၄၆၀	၅၀၀၅	၄၉၆၅	၄၉၇၅	၅၁၉၅
HSD (50 ppm)	၅၂၉၅	၅၃၅၀	၅၃၀၅	၅၁၈၅	၅၃၄၅	၅၃၄၀	၆၀၀၅	၅၁၈၅	၆၂၂၀	၆၂၈၀	၅၃၀၅	၆၀၅၀	၅၃၉၅	၅၃၅၀	၅၃၆၅	၆၁၉၀
HSD (10 ppm)	၅၂၉၅	၅၃၅၀	၅၃၀၅	၅၁၈၅	၅၃၄၅	၅၃၄၀	၆၀၀၅	၅၁၈၅		၆၂၈၀	၅၃၀၅	၆၀၅၀	၅၃၉၅	၅၃၅၀	၅၃၆၅	၆၁၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၈	၄၄၃၈
95 Ron	၄၄၉၉	၄၆၂၃
HSD (500 ppm)	၄၅၉၈	၄၇၂၀
HSD (50 ppm)	၅၅၃၃	၅၆၇၄
HSD (10 ppm)	၅၅၃၃	၅၆၇၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကော်မတီများမှဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်တွင်ဖွဲ့စည်းထားရှိသည့် ကော်မတီများမှဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့တတိယအကြိမ်ပြည်သူ့လွှတ်တော်သည် တတိယပုံမှန်အစည်းအဝေးသို့ရောက်ရှိလာပြီဖြစ်ကြောင်း၊ လွှတ်တော်၏ လုပ်ငန်းတာဝန်များသည် သိသာထင်ရှားသည့် အရွေ့တစ်ခုသို့ရောက်ရှိရန်အတွက် ကော်မတီများ၏ ဆောင်ရွက်ချက်များသည် အဓိကကျကြောင်း၊ ကော်မတီများအား လွှတ်တော်အတွင်း၌ သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်လေ့လာခြင်း၊ စိစစ်ဆွေးနွေးခြင်း၊ အကြံပြုခြင်းများဖြင့် လွှတ်တော်၏လုပ်ငန်းများကို ပိုမိုအားကောင်းစေရန် ဖွဲ့စည်းထားရှိခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့်အထူးပြုလုပ်ငန်းတာဝန်များကို လက်တွေ့ဆောင်ရွက်ပေးရသည့်အဖွဲ့လည်းဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မတီများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့်ကဏ္ဍအသီးသီးတွင်ကျွမ်းကျင်နှံစပ်မှုရှိစေရန် စဉ်ဆက်မပြတ်လေ့လာနေကြရမည်ဖြစ်ကြောင်း၊ ကော်မတီအလိုက် လေ့လာစိစစ်ရမည့်ဥပဒေများနှင့်စပ်လျဉ်း၍လည်း ခေတ်ကာလနှင့်ကိုက်ညီမှုရှိစေရေး အတွက် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် လိုအပ်ပါက ဥပဒေအသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက်သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ကော်မတီများအနေဖြင့် လွှတ်တော်၏ ဥပဒေပြုလုပ်ငန်းစဉ်များ ပိုမိုထိရောက်စေရန်အတွက် Legislative Calendar များ ရေးဆွဲဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

မိမိတို့သည် ပြည်သူများ၏ အသံနှင့်လိုလားချက်များကိုအလေးအနက်ထားဆောင်ရွက်ရမည်ဖြစ်သလို နိုင်ငံတော်အတွက်အထောက်အကူဖြစ်စေမည့်ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကိုလည်း အလေးထားစဉ်းစားကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီးနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုမှ အကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များ၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များ၊ တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများဖြင့် မလုံလောက်ပါက ဥပဒေအသစ်များ ပြဋ္ဌာန်းနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံ ဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့၏ဆောင်ရွက်ချက်များကို သိသာထင်ရှားသည့် တိုးတက်မှုများရှိစေရန်အတွက် Key Performance Indicator (KPI) ဖြင့် အကဲဖြတ်တိုင်းတာဆောင်ရွက်ထားရှိရန်လိုအပ်ကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အခြားနိုင်ငံတကာလွှတ်တော်များ၏ ဆောင်ရွက်ချက်များအပေါ် လေ့လာသုံးသပ်ပြီး နိုင်ငံနှင့်ပြည်သူကိုအကျိုးပြုသော လွှတ်တော်တစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်မားမှသာ လွှတ်တော်၏အခန်းကဏ္ဍလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်များအရည်အသွေးမြင့်မားရေးအတွက် ဆွေးနွေးပွဲများ၊ သင်တန်းများဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ကော်မတီများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များဖြစ်၍ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပါက ပိုမိုထိရောက်မှုရှိမည်ဟု အကြံပြုလိုကြောင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများကကော်မတီများအလိုက် ဆောင်ရွက်နေသည့်ကိစ္စရပ်များအားတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြဝတီ

အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၈) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၅)ကြိမ်မြောက် အထွေထွေညီလာခံသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့တက်ရောက်



နေပြည်တော် အောက်တိုဘာ ၇

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ SUN & MOON Riverside Hotel ၌ အောက်တိုဘာလ ၃ ရက်မှ ၇ ရက်အထိ ကျင်းပသည့် အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၈) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၅) ကြိမ်မြောက် အထွေထွေညီလာခံသို့တက်ရောက်ရန်အတွက်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့် (အငြိမ်းစား)ဦးဆောင်သည့်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့ဝင်ငါးဦးသည် အောက်တိုဘာလ ၃ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာကြသည်။

အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၈) ကြိမ်မြောက်အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကိုအောက်တိုဘာလ ၄ ရက်တွင် ကျင်းပခဲ့ရာ VECONAC အဖွဲ့ဝင် ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် (၂၅)ကြိမ်မြောက် အထွေထွေညီလာခံသို့ တင်သွင်းမည့် ဆုံးဖြတ်ချက်(မူကြမ်း) ၁၁ ချက်ကို သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်းများဆောင်ရွက်၍ အတည်ပြုရန် ဆုံးဖြတ်ခဲ့ကြသည်။



အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၈) ကြိမ်မြောက် အထွေထွေညီလာခံကို အောက်တိုဘာလ ၅ ရက်တွင် ကျင်းပရာ အဆိုပါအထွေထွေညီလာခံသို့ VECONAC အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့်ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး နိုင်ငံအလိုက် အစီရင်ခံစာတင်သွင်းခြင်း အစီအစဉ်တွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ အစီရင်ခံစာကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့် (အငြိမ်းစား)က ဖတ်ကြားတင်သွင်းခဲ့သည်။ အဆိုပါ အထွေထွေညီလာခံ၌ အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၈)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည့် ဆုံးဖြတ်ချက် ၁၁ ချက်အား အတည်ပြုကြပြီး VECONAC အဖွဲ့ဝင် ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ပူးတွဲကြေညာချက်၌ လက်မှတ်ရေးထိုးမှတ်တမ်းတင်ခဲ့ကြသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့် (အငြိမ်းစား)ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်ငါးဦးသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ SUN & MOON Riverside Hotel ၌ ကျင်းပသည့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၈)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၅) ကြိမ်မြောက် အထွေထွေညီလာခံသို့တက်ရောက်ခဲ့ပြီး အောက်တိုဘာလ ၇ ရက် ည ၉ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြဝတီ

❐ **ကျောဖုံးမှအဆက်**

YUSC ကွင်း၌ ယှဉ်ပြိုင်ကစားသည့် ဒဂုံစတားယူနိုက်တက် အသင်းနှင့် ISPE အသင်းတို့ပွဲစဉ်သည် နိုင်ပွဲပြန်ရှာသည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။

ပထမပိုင်း ပွဲကစားချိန် ၁၉ မိနစ်တွင် စစ်ငြိမ်းချမ်းဦးက ISPE အသင်းအတွက် ဦးဆောင်ဂိုးကို သွင်းယူသွားသည်။ ဒဂုံစတားယူနိုက်တက်အသင်း ချေပဂိုးရရှိရန် ကြိုးစားယှဉ်ပြိုင်ခဲ့ရာ ပွဲကစားချိန် ၄၂ မိနစ်တွင် ညီနိုင်က ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်ဖက်ကစားသမားများ အပြန်အလှန်ယှဉ်ပြိုင်ကြရင်း ပွဲကစားချိန် ၄၇ မိနစ်တွင် ညီနိုင်က ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဒုတိယမြောက် ဂိုးသွင်းယူနိုင်ခဲ့သလို ပွဲကစားချိန် ၅၃ မိနစ်တွင် MAHN YE LAY က ISPE အသင်းအတွက်ဒုတိယမြောက် ဂိုးသွင်းယူနိုင်ခဲ့၍ တစ်ဖက်နှစ်ဂိုးစီဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲကစားချိန် ၆၅ မိနစ်တွင် ထွန်းလင်းအောင်နှင့် ပွဲကစားချိန် ၆၉ မိနစ်တွင် ညီနိုင်တို့က ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ၄ ဂိုး ၂ ဂိုးဖြင့် ဒဂုံစတားယူနိုက်တက်အသင်းက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံခ

■ ကျော်ဝိုးမှအဆက်

မြှင့်တင်နိုင်ရေး ဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါ မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM)ဥက္ကဋ္ဌ Mr. Norsyahrin Hamidon နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာ-မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ ရောက်ရှိလာရာ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ-မလေးရှား နှစ်နိုင်ငံစီးပွားရေးဆွေးနွေးပွဲကို အခမ်းအနားအစီအစဉ်အတိုင်း စတင်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မလေးရှားနိုင်ငံကုန်သည်စက်မှုအသင်းချုပ်(NCCIM) ဥက္ကဋ္ဌ Mr. Norsyahrin Hamidon တို့က ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကားများပြောကြားကြသည်။

ယင်းနောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် တူညီသည့် သမိုင်းကြောင်းများရှိပြီး ပထဝီအနေအထားအရ အရှေ့တောင်အာရှကျွန်းဆွယ်၌ အတူတည်ရှိနေသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်းဖြစ်ကြကြောင်း၊ ယနေ့အချိန်အခါတွင် နှစ်နိုင်ငံဆက်ဆံရေးသည် နိုင်ငံရေးနှင့် သံတမန်ရေးရာကဏ္ဍများအပြင် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေးနှင့်နည်းပညာ၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် ယဉ်ကျေးမှုစသည့်ကဏ္ဍများအထိ တဖြည်းဖြည်းပိုမိုကျယ်ပြန့်လာလျက်ရှိကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် မြန်မာ-မလေးရှားနှစ်နိုင်ငံဆက်ဆံရေး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ပိုမိုခိုင်မာ အားကောင်းစေသည့် စီးပွားရေးမိတ်ဖက်ဆက်ဆံရေး တစ်ရပ်အဖြစ် တည်ဆောက်သွားရန် အချိန်အခါကောင်းကို ရောက်ရှိလာပြီဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည် စီးပွားရေးနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများ အချိန်နှင့်တစ်ပြေးညီ ဖြစ်ပေါ်နေပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း၊ ယခုကဲ့သို့ စိန်ခေါ်မှုများနှင့်အတူ နိုင်ငံများ၏ စီးပွားရေးခံနိုင်ရည်စွမ်းအား(Economic Resilience)ရှိရေးသည်လည်း အရေးကြီးလာကြောင်း၊ ယခုအချက်များကြောင့် ဒေသတွင်းနိုင်ငံများအကြား အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုပြီးအရေးပါလာကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လက်ရှိတွင် မလေးရှားသည် မြန်မာနိုင်ငံ၏ အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်နှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁.၆၆၂ ဘီလီယံရှိပြီး ယခုနှစ် ဩဂုတ်လအထိ ၁.၀၁ ဘီလီယံကျော်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ ရော်ဘာနှင့် ကုန်ကြမ်းများ၊ ချုပ်ပြီးအထည်များ မလေးရှားနိုင်ငံကို တင်ပို့လျက်ရှိပြီး မလေးရှားနိုင်ငံမှ စက်ဆီ၊ ချောဆီနှင့်ရေနံထွက်ပစ္စည်းများ၊ စားအုန်းဆီ၊ စားသောက်ကုန်၊ စက်မှုကုန်ချောများ၊ အီလက်ထရောနစ်ပစ္စည်းနှင့်ပလတ်စတစ်ကုန်ကြမ်းပစ္စည်း၊ ဓာတုကုန်ကြမ်းနှင့် ဆေးဝါးပစ္စည်း စသည်တို့ကို တင်သွင်းလျက်ရှိကြောင်း။

နှစ်နိုင်ငံ ကုန်သွယ်မှုကိုကြည့်ခြင်းအားဖြင့် ထုတ်ကုန်များသည် အပြန်အလှန်ဖြည့်ဆည်းနိုင်သည့် သဘောသဘာဝရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို မြှင့်တင်ရန်နှင့်တန်ဖိုးမြှင့်ထုတ်ကုန်များ၏ အချိုးအစားကို တိုးမြှင့်နိုင်ရန်အတွက် နှစ်နိုင်ငံအစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့အတူပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်ရာတွင် ကုန်သွယ်မှုပမာဏတိုးမြှင့်ရုံသာမက မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကုန်ကြမ်းနှင့်လယ်ယာ၊ မွေးမြူရေးနှင့် ရေထွက်ကုန်များကို အရည်အသွေး၊ ထုပ်ပိုးမှု၊ အစားအစာဘေးကင်းလုံခြုံမှုနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် ဆက်ဆံရေးနှင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာ အားကောင်းရန်အတွက် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာကို လေ့လာကြည့်ပါက လက်ရှိတွင် မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံတွင် နဝမမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်ထားသည့် နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၂ ခုကို ဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာနိုင်ငံ၏ အားသာချက်မှာ ကုန်ကြမ်းအရင်းအမြစ်နှင့်ထုတ်လုပ်မှုအခြေခံများရှိခြင်းသာမက တန်ဖိုးမြှင့်ထုတ်လုပ်မှု လုပ်ငန်းများ ဖောဆောင်ရန်နေရာနှင့် စျေးကွက်အလားအလာများ ရှိနေကြောင်း၊ နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ကျွမ်းကျင်လုပ်သားဖွံ့ဖြိုးရေး၊ ဒေသတွင်း Supply Chain ချိတ်ဆက်မှုနှင့် Export Market Access တို့ပါဝင်သည့် ရေရှည်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အစားအစာထုတ်လုပ်မှု၊ လယ်ယာထွက်ကုန်ပြုပြင်ထုတ်လုပ်မှု၊ Halal အစားအစာ၊ ရေထွက်ကုန်၊ ရော်ဘာနှင့် ရော်ဘာအခြေခံထုတ်ကုန်၊ ထုပ်ပိုးမှု၊ အအေးခန်းနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ စက်မှုထုတ်ကုန်နှင့် အခြားတန်ဖိုးမြှင့်ထုတ်ကုန်များသည် နှစ်နိုင်ငံ၏အားသာချက်များကိုပေါင်းစပ်အသုံးချသွားရမည်ဖြစ်ကြောင်း။

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနှင့် မလေးရှားနိုင်ငံတို့သည် အာဆီယံမိသားစုဝင်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ(Myanmar–Malaysia High Level Business Dialogue 2026)သို့ တက်ရောက်၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

❖ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လက်ရှိတွင် မလေးရှားသည် မြန်မာနိုင်ငံ၏အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး ပြီးခဲ့သည့်နှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁.၆၆၂ ဘီလီယံရှိပြီး ယခုနှစ် ဩဂုတ်လအထိ ၁.၀၁ ဘီလီယံကျော်ရှိခဲ့ . . .

❖ လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဖိတ်ခေါ်နေ၊ မလေးရှားနိုင်ငံ၏ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းပြီး စားသောက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လယ်ယာအခြေခံသွင်းအားစုထုတ်လုပ်ခြင်း၊ မွေးမြူရေးနှင့် အသားငါးပြုပြင်ထုတ်လုပ်ခြင်း၊ ရော်ဘာနှင့်ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်း စသည့်တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုစက်ရုံများတည်ထောင်ခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်များတွင် အတူပူးပေါင်းရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လို . . .

ကြောင်း၊ ထို့အပြင် နှစ်နိုင်ငံစလုံးသည် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅ နိုင်ငံပါဝင်လက်မှတ်ရေးထိုးထားပြီး ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ထုတ်လုပ်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်နှင့် ကမ္ဘာ့စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၂၈ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုနေသည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP)သဘောတူစာချုပ်တွင်လည်း အတူပါဝင်လက်မှတ်ရေးထိုးထုတ်လုပ်ရေးစက်ရုံများ၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် သံမဏိနှင့် ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းများတွင်လည်း မလေးရှားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများရှိကြောင်း။

အဆွေတော်တို့ သိပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်အနေဖြင့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များရှိကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံးဖြစ်သကဲ့သို့ ထားဝယ်အထူး စီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့သည်လည်း အနာဂတ်တွင် မဟာဗျူဟာမြောက် အရေးပါလာမည့် စီမံကိန်းများဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဇုန်များတွင်လည်း လာရောက်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် တည်ဆောက်ပြီး စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များတွင် သာမက လုပ်ငန်းလိုအပ်ချက်နှင့် တည်နေရာအားသာချက်ကိုမူတည်ပြီး စွမ်းအင်စီမံကိန်းများ၊ စက်မှုစီမံကိန်းများကို ရင်းနှီးမြှုပ်နှံသူများကိုယ်တိုင် အဆိုပြုတည်ထောင်ဆောင်ရွက်နိုင်ကြောင်း၊ ယခုကဲ့သို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် MSME လုပ်ငန်းများသည်လည်း နှစ်နိုင်ငံ၏ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍာတွင် ပါဝင်နေကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ၏ E-commerce စနစ်အကောင်အထည်ဖော်ခြင်း၊ ကျွမ်းကျင်မှု လုပ်ငန်းခွင်သင်တန်းကျောင်းများ ပူးပေါင်းဖွင့်လှစ်ခြင်း၊ MSME စက်မှုထုတ်ကုန်များ ချိတ်ဆက်ပူးပေါင်းထုတ်လုပ်ခြင်းတို့ဖြင့် နှစ်နိုင်ငံ နိုင်မည့် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် အတွက် နောက်ထပ်အရေးပါသည့် ကဏ္ဍတစ်ခုသည် ဘဏ္ဍာရေးဝန် ဆောင်မှုကဏ္ဍဖြစ်ကြောင်း၊ လက်ရှိမလေးရှားနိုင်ငံတွင် မြန်မာ့ရွှေ့ပြောင်းလုပ်သားများ များစွာရှိနေသည့်အတွက် Remittance channel က အရေးကြီးကြောင်း၊ တရားဝင် channel ကို အသုံးပြုရသည်မှာ ပိုမိုလွယ်ကူပြီး ကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက Financialflow ပိုမိုကောင်းမွန်လာပြီး ရွှေ့ပြောင်းလုပ်သားများအတွက်လည်း လုံခြုံစိတ်ချရသည့် ငွေလွှဲလမ်းကြောင်း ဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် ဘဏ်များ၊ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများနှင့် FinTech

❖ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်အနေဖြင့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များရှိ၊ သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံးဖြစ်သကဲ့သို့ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့သည်လည်း အနာဂတ်တွင် မဟာဗျူဟာမြောက် အရေးပါလာမည့်စီမံကိန်းများဖြစ်၊ ထို့ကြောင့် ယခုဇုန်များတွင်လည်း လာရောက်ရင်းနှီးမြှုပ်နှံကြရန်ဖိတ်ခေါ်လို . . .

ထားကြကြောင်း၊ ယခုကဲ့သို့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်နှင့် မူဘောင်များသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပေါင်းစည်းမှုကို ပိုမိုမြှင့်တင်နိုင်မည့် အခွင့်အလမ်းများဖြစ်သောကြောင့် ထိရောက်ပြီး အကျိုးရှိစွာ အသုံးပြုနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမူဘောင်များမှ တစ်ဆင့် နှစ်နိုင်ငံရေရှည်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများကို အတူဆွေးနွေးဖော်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန်အလေးအနက်ထားကြောင်းကို ပြောကြားလိုကြောင်း။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဖိတ်ခေါ်နေကြောင်း၊ ထို့ကြောင့် မလေးရှားနိုင်ငံ၏ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းပြီး စားသောက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လယ်ယာအခြေခံသွင်းအားစုထုတ်လုပ်ခြင်း၊ မွေးမြူရေးနှင့် အသားငါးပြုပြင်ထုတ်လုပ်ခြင်း၊ ရော်ဘာနှင့် ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်း စသည့်တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှု စက်ရုံများတည်ထောင်ခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှု တန်ဖိုးကွင်းဆက်များတွင် အတူပူးပေါင်းရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း၊ ထို့အတူ စိုက်ပျိုးရေးကဏ္ဍတွင်လည်း မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို အသုံးပြုပြီး မြန်မာနိုင်ငံ၌ ဆန်ကြိတ်ခွစက်ရုံများ၊ ပဲမျိုးစုံသန့်စင်ထုပ်ပိုးသည့်စက်ရုံများ၊ အစားအစာပြုပြင်ဆုံးရှုံးမှုလျှော့ချရေး၊ အခြောက်ခံခြင်း၊ သန့်စင်ခြင်း၊ အအေးခန်းသိုလှောင်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို တစ်ဆက်တည်း ပူးပေါင်းဖော်ဆောင်နိုင်ပါက မြန်မာ့လယ်ယာထွက်ကုန်များ၏ အရည်အသွေးနှင့် စျေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် အအေးခန်းသိုလှောင်ရုံများနှင့်အတူ Digital Logistics၊ Warehouse Management၊ Cargo Tracking နှင့် အရည်အသွေးထိန်းချုပ်မှုစနစ်များကိုပါ ပေါင်းစပ် ဖော် ဆောင် နိုင် ပါက လယ်ယာနှင့် ရေထွက်ကုန်များ၏ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများကို လျှော့ချနိုင်ပြီး Export Supply Chain ကို ပိုမိုထိရောက်စွာစီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ ယခုကဏ္ဍတွင် အတွေ့အကြုံများစွာရှိသည့်မလေးရှားနိုင်ငံအတွက် ကြီးမားသည့် အခွင့်အရေးဖြစ်ကြောင်း။

ဆက်လက်ပြီး မလေးရှားနိုင်ငံသည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု၊ ဆီအုန်းသီးနှံကြိတ်ခွဲခြင်း၊ ဆီသန့်စင်ခြင်းနှင့်တန်ဖိုးမြှင့်စားသုံးဆီထုတ်လုပ်ခြင်းလုပ်ငန်းများတွင် အတွေ့အကြုံနှင့် နည်းပညာများပိုင်ဆိုင်ထားသည့်အတွက် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး စိုက်ပျိုးထုတ်လုပ်မှုမှသည် စျေးကွက်ဖြန့်ဖြူးခြင်းအထိ ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးတွင် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း၊ ယခုကဲ့သို့ ဆီအုန်းစိုက်ပျိုးမှုနှင့် စားအုန်းဆီထုတ်လုပ်မှုလုပ်ငန်းများကို ပထဝီဝင်ရာသီဥတုအရ သင့်တော်ကောင်းမွန်သည့် တနင်္သာရီတိုင်းအတွင်းတွင် ဆောင်ရွက်နိုင်ပြီး ဟင်းသီးဟင်းရွက်ကို ဝင်ရောက်နိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ထုတ်လုပ်မှုစနစ်များ ဖော်ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် သံမဏိနှင့် ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းများတွင်လည်း မလေးရှားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများရှိကြောင်း။

❖ မြန်မာနိုင်ငံ၏ သဘာဝနှင့် လူစွမ်းအားအရင်းအမြစ်များ၊ မလေးရှားနိုင်ငံ၏နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စျေးကွက်ချိတ်ဆက်မှုများကို ပေါင်းစပ်အသုံးချပြီး "ကုန်သွယ်မှုမှ ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံမှုမှ တန်ဖိုးမြှင့်ထုတ်လုပ်မှု၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုမှဒေသတွင်း စျေးကွက်ချိတ်ဆက်မှု ဟူသည့် ရေရှည်ပူးပေါင်းဆောင်ရွက်မှု ကွင်းဆက်တစ်ရပ်ကို အတူတကွ တည်ဆောက်သွားနိုင်မည်ဟုယုံကြည် . . .

ဒေသတွင်းအခြေစိုက် ကုမ္ပဏီများအကြား ပူးပေါင်းပြီး ငွေပေးချေမှုနှင့် ငွေလွှဲဝန်ဆောင်မှုများကို လုံခြုံ၊ မြန်ဆန်၊ ပွင့်လင်းပြီး သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီသည့် Digital Payment နှင့် တရားဝင်ငွေကြေးလွှဲပြောင်းမှု (Remittance)များ ဖော်ဆောင်နိုင်မည်ဆိုပါက နှစ်ဖက်အကျိုးရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်ကြောင်းကိုပြောကြားလိုကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် နှစ်နိုင်ငံဘဏ်များအကြား ချိတ်ဆက်ဆောင်ရွက်မှုတိုးမြှင့်ခြင်း၊ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုနှင့် ငွေရှင်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကုန်သွယ်မှုဆိုင်ရာငွေကြေးဝန်ဆောင်မှုများ တိုးချဲ့ခြင်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSMEs) စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအထောက်အပံ့များ ပိုမိုရရှိစေရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် မလေးရှားနိုင်ငံ၏ ဒီဂျစ်တယ်ဘဏ်လုပ်ငန်း၊ ငွေပေးချေမှုနည်းပညာနှင့် ဘဏ်လုပ်ငန်းဆိုင်ရာအန္တရာယ်စီမံခန့်ခွဲမှုအတွေ့အကြုံကောင်းများကို စာမျက်နှာ ၁၈ သို့ ■

❖ မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်နိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးမှုများအားလုံးသည် မြန်မာနိုင်ငံ၌ အမှန်တကယ်လိုအပ်ချက်များရှိနေသည့် လက်တွေ့ကျသည့် ကိစ္စရပ်များပင်ဖြစ်၊ မိမိတို့အစိုးရအနေဖြင့် စီးပွားရေးအရ အားကောင်းလာစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ကူညီဖြည့်ဆည်းအားပေးဆောင်ရွက်သွားမည်ဖြစ် . . .

■ စာမျက်နှာ ၁၇ မှ

မြန်မာနိုင်ငံနှင့် မျှဝေခြင်း၊ နှစ်နိုင်ငံ ဘဏ်များအကြား နည်းပညာနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အစီအစဉ်များ ဆောင်ရွက်ခြင်းနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်မိကြောင်း။

အလားတူ မြန်မာနိုင်ငံအနေဖြင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ကျန်းမာရေး၊ ပညာရေးနှင့် ခရီးသွား ဝန်ဆောင်မှုကဏ္ဍများကိုလည်း အားပေးဖော်ဆောင်လျက်ရှိရာ ယခုကဏ္ဍများသည် သိသိသာသာ တိုးတက်ထွန်းကားလာနေသည့် မလေးရှားနိုင်ငံက လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများရှိနေကြောင်း ပြောကြားလိုကြောင်း၊ မလေးရှားနိုင်ငံသည် ပညာရေးနှင့်ပတ်သက်ပြီး ပညာရေးကုန်ကျစရိတ်သင့်တင့်မှု၊ နိုင်ငံခြားကျောင်းသားများကို ဆွဲဆောင်နိုင်မှုများကြောင့် ဒေသတွင်း ပညာရေးဗဟိုချက်တစ်ခုဖြစ်လာနေသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် မလေးရှားနိုင်ငံ၏ နိုင်ငံတကာပညာရေးလုပ်ငန်းအတွေ့အကြုံကိုအသုံးချပြီး မြန်မာနိုင်ငံတွင် ပညာရေးလုပ်ငန်းများ တည်ထောင်ခြင်း၊ ပူးတွဲသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ပညာရေး ဝန်ဆောင်မှုများတိုးချဲ့ခြင်းတို့ကို စီးပွားရေးအခွင့် အလမ်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍသည်လည်း မြန်မာ–မလေးရှားနှစ်နိုင်ငံအနေဖြင့် ဆေးရုံနှင့် ဆေးခန်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေး၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာခရီးသွားလုပ်ငန်း(Medical Tourism)၊ Telemadicine/ Tele counsultation၊ ကျန်းမာရေး နည်းပညာနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေး စသည့်အပိုင်းများတွင် စီးပွားရေး အရ ပူးပေါင်းဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း။

မလေးရှားနိုင်ငံအနေဖြင့်သဘာဝထွက်ကုန်စီးပွားရေးစနစ်မှ ခေတ်မီစနစ်ကို အောင်မြင်စွာကူးပြောင်းနေသည်ကို လေ့လာသိရှိရကြောင်း၊ ယခုကဲ့သို့ နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံရန်အတွက်လည်း မြန်မာနိုင်ငံသည် အကြီးမားဆုံး အိုင်စီတီ နည်းပညာဆိုင်ရာ အချက်အချာ ဒေသတစ်ခုဖြစ်သည့်ရတနာပုံဆိုက် ဘာစီးတီးစီမံကိန်းကို ပြင်ဦးလွင်မြို့အနီးတစ်ဝိုက်တွင် ဖွင့်လှစ်ထားကြောင်း၊ စီမံကိန်း၏ရယာ ၂၈၀၀ ဟက်တာကျော်(၇၀၀၀ ဧက)ခန့် ကျယ်ဝန်းသည့်အတွက် အိုင်တီလုပ်ငန်းသစ်များနှင့် ဆော့ဖ်ဝဲရေးသားသည့် ကုမ္ပဏီများအတွက် ရုံးခန်းများအပြင် High-Tech Zone သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေမည့် နည်းပညာနှင့် ဝန်ဆောင်မှုအခြေပြုထုတ်လုပ်မှုဇုန်များပါဝင်ကြောင်း၊ မြန်မာနိုင်ငံအတွက် အဓိုးရဝန်ဆောင်မှုများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဉာဏ်ရည်တု(AI) အသုံးချမှုများ၊ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင်ဖော်ဆောင်ရေးများတွင် စိတ်ပါဝင်စားသည့် မလေးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း၊ အထူးသဖြင့် မလေးရှားနိုင်ငံ၏ Electrical and Electronics၊ Semiconductor၊ Machinery and Equipment နှင့် Digital Technology ကဏ္ဍများသည် ရှိပြီးသားအတွေ့အကြုံနှင့် မြန်မာနိုင်ငံ၏ ထုတ်လုပ်မှု၊ လုပ်သားအင်အားနှင့်ဈေးကွက်အခြေခံတို့ကို ပေါင်းစပ်ပြီး Assembly၊ Component Manufacturing၊ Technical Training နှင့် Technology Transfer လုပ်ငန်းများကို ပူးပေါင်းဖော်ဆောင်နိုင်မည့် အလားအလာများရှိကြောင်း၊ ထိုသို့ နည်းပညာပူးပေါင်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုတစ်ခုတည်းထက် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် Malaysian technology companies များနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၊ နည်းပညာသင်တန်းကျောင်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများအကြား Internship၊ Vocational Training၊ Technical Certification နှင့် Skills Development Program များကို ပူးပေါင်းဖော်ဆောင်နိုင်ကြောင်း။

နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမို လက်တွေ့ကျစေရန်အတွက် နှစ်နိုင်ငံအစိုးရဌာနများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ Chamber of Commerce များနှင့် ပုဂ္ဂလိကကဏ္ဍတို့ပါဝင်သည့် ပုံမှန် Business Dialogue နှင့် Business Matching Mechanism တစ်ရပ်ကို ပိုမိုအားကောင်းအောင် ဖော်ဆောင်နိုင်ပါက ကောင်းမွန်မည်ဟု ယုံကြည်ကြောင်း၊ အဆိုပါ မူဘောင်မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ ကုန်သွယ်နိုင်သည့် ထုတ်ကုန်များ၊ လိုအပ်သည့် နည်းပညာနှင့် အရည်အသွေးစံနှုန်းများ၊ မိတ်ဖက်လုပ်ငန်းများနှင့် စျေးကွက်လိုအပ်ချက်များကို တစ်နေရာတည်းမှာ ချိတ်ဆက်ပေးနိုင်မည့် Business Information and Investment Facilitation Platform တစ်ရပ်ကိုလည်း ဖော်ဆောင်နိုင်ကြောင်း၊ ယခုလုပ်ငန်းစဉ်များမှတစ်ဆင့် ယနေ့ဆွေးနွေးပွဲတွင်တွေ့ဆုံဆွေးနွေးခြင်းကိုသာမက လက်တွေ့ကျသည့် Investment Project၊ Joint Venture၊ Export Contract နှင့် Technology Partnership များအဖြစ် ဆက်လက် အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ကြောင်း။

မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို မူပိုင်ခွင့်ဥပဒေ(၄)ရပ်နှင့် အညီ အကာအကွယ်ပေးထားပြီးဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် နည်းပညာပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့် အလုပ်အကိုင်များ ဖန်တီးခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း အလေးထားကြောင်း၊ အခြားတစ်ဖက်တွင် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိုလည်း မူဝါဒနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် ရေရှည်တည်တံ့သောစီးပွားရေးဖွံ့ဖြိုးမှုကို နီးကပ်၍ ဆက်ဆံရေးရှိသည့် ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် အတူ လက်တွဲဖော်ဆောင်ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် မလေးရှားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးကိုလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယနေ့အခမ်းအနားကို အခွင့်အလမ်းများကို ဖလှယ်ဆွေးနွေးသည့် နေရာတစ်ခုအဖြစ်သာမက နှစ်နိုင်ငံအကြား လက်တွေ့ကျသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကိုစတင်အကောင်အထည်ဖော်နိုင်မည့် Platform တစ်ခုအဖြစ် ရှုမြင်စေလိုကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝနှင့်လူစွမ်းအားအရင်းအမြစ်များ၊ မလေးရှားနိုင်ငံ၏ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စျေးကွက်ချိတ်ဆက်မှုများကို ပေါင်းစပ်အသုံးချပြီး **"ကုန်သွယ်မှုမှ ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံမှုမှ တန်ဖိုးမြှင့်ထုတ်လုပ်မှု၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုမှ ဒေသတွင်းစျေးကွက်ချိတ်ဆက်မှု"** ဟူသည့် ရေရှည်ပူးပေါင်းဆောင်ရွက်မှု ကွင်းဆက်တစ်ရပ်ကိုအတူတကွတည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ အထူးသဖြင့် မလေးရှားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံကို စျေးကွက်တစ်ခုအဖြစ်သာမက ထုတ်လုပ်မှု၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုနှင့် ဒေသတွင်း Supply Chain ချိတ်ဆက်မှုအတွက် မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ရှုမြင်ပြီး ရေရှည်အကျိုးတူ ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့်အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။

မလေးရှားနိုင်ငံမှလုပ်ငန်းရှင်များက အသီးသီးဆွေးနွေးတင်ပြ

ဆက်လက်၍ တက်ရောက်လာကြသည့်မလေးရှားနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များက မလေးရှားနိုင်ငံအနေဖြင့် နိုင်ငံတကာဆိပ်ကမ်းလုပ်ငန်းများအပါအဝင် ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆီအုန်းနှင့်အုန်း စိုက်ပျိုးရေးအပါအဝင် ဘက်စုံစိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်နှင့် နည်းပညာကဏ္ဍ၊ သံမဏိ (Steel) နှင့် သတ္တုရိုင်းထုတ်လုပ်မှုနှင့် ထုတ်ကုန်ပစ္စည်းများအပါအဝင် ဆောက်လုပ်ရေးကဏ္ဍတို့၌ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမှု၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းမှုများဆောင်ရွက်၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာ၊ ဒေသတွင်းနိုင်ငံများနှင့် ပတ်သက်၍ မဟာဗျူဟာမြောက် စီးပွားရေးအမြင်သုံးသပ်တွေ့ရှိမှုများ၊ မြန်မာနိုင်ငံနှင့်ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့ကျကျဆောင်ရွက်နိုင်ရေးအစိုးရနှင့်စီးပွားရေးလုပ်ငန်းရှင်များအကြား မူဝါဒများ၊ အကောင်အထည်ဖော်ဆောင်ရွက်မှု စံသတ်မှတ်ချက်များအနေဖြင့် လိုက်လျောညီထွေဖြစ်ရန်လိုအပ်မှု အခြေအနေများ၊ မလေးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် လက်တွေ့ကျသည့် အကြံပြုချက်များ၊ အလားအလာများ၊ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် အကျယ်တဝင့်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး

ဆွေးနွေးတင်ပြမှုများအပေါ် လျက်ရှိပြီး နိုင်ငံရေးအရ တည်ငြိမ်မှုရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ လည်း ဥပဒေပြဋ္ဌာန်းချက်များဖြင့် အာမခံချက်ပေးထားပါကြောင်းနှင့် ယုံကြည်စိတ်ချစွာဖြင့် လာရောက် ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်လိုပါကြောင်း။

မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက် ဆောင်ရွက်နိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးမှုများအား လုံးသည် မြန်မာနိုင်ငံ၌ အမှန်တကယ်လိုအပ်ချက်များရှိနေသည့် လက်တွေ့ကျသည့်ကိစ္စရပ်များပင်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စီးပွားရေးအရ အားကောင်းလာစေရေး ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ကူညီဖြည့်ဆည်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသို့ လာရောက်၍ လက်ရှိဖြစ်ပေါ်နေသည့် စျေးကွက်အခြေအနေများကို ကိုယ်တိုင်လေ့လာ၍ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အလားအလာနှင့် အခွင့်အလမ်းများကို ဆုပ်ကိုင်အကောင်အထည်ဖော်ဆောင်ကြစေလိုကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံထိပ်သီးလုပ်ငန်းရှင်များအချင်းချင်း ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးရသည့်အချိန်တွင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခုကနဦး တွေ့ဆုံမှုသည် အောင်မြင်ပြီး အပြုသဘောဆောင်သည့်ဆွေးနွေးမှုပင်ဖြစ်ပြီး ယခုထက်ပိုမိုကျယ်ပြန့်ပြီး လက်တွေ့အကျိုးရှိမည့် စီးပွားရေးမျက်နှာစာသစ်တစ်ခုကို အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လည်း တိုက်တွန်းပြောကြားလိုကြောင်း ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။ **မြဝတီ**

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခန့်ထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့် နှုန်းထားဖြင့်ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

နေပြည်တော် အောက်တိုဘာ ၇

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခန့်ထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့် နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထား စသည့်တိကျသည့် သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာ လေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်းနှင့် လေယာဉ်လက်မှတ်ခန့်ထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချခြင်း၊ fake accounts များမှတစ်ဆင့် ရောင်းချခြင်းများ တွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာ ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

မြဝတီ

နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိဖူဆယ်အားကစားပြိုင်ပွဲရုံ၌ကျင်းပရာ နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီနာယကနေပြည်တော်ကောင်စီ ဥက္ကဋ္ဌဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများမှအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် မျှော်မှန်းချက်များကို ရှင်းလင်းပြောကြားပြီး ၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ဖူဆယ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ဇမ္ဗူသီရိမြို့နယ်အသင်းနှင့်တပ်ကုန်းမြို့နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ဇမ္ဗူသီရိမြို့နယ် ဖူဆယ်အသင်းက တပ်ကုန်းမြို့နယ်ဖူဆယ်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

သျှင်ဦးမောင်(ဒက္ခိဏာ)

အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်း၊ စက်မှုလက်မှုသင်တန်း၊ ပန်းချီသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၇

စစ်ကိုင်းမြို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒုတိယနှစ်ဝက် ပညာသင်ကြားပြီး ကျောင်းပိတ်ရက်ကာလအတွင်း အကျိုးရှိစေရန်နှင့် အထွေထွေဗဟုသုတတိုးပွား၍ ထူးချွန်ထက်မြက်သည့်ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန် ရည်ရွယ်၍ အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်း၊ စက်မှုလက်မှုသင်တန်း၊ ပန်းချီသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါသင်တန်းများဖွင့်လှစ်သင်ကြားနေမှု တက္ကသိုလ်စာကြည့်တိုက်တွင်ကျောင်းသား၊ကျောင်းသူများ စာအုပ်လေ့လာဖတ်ရှုမှုမှတ်တမ်းများနှင့်စာအုပ်များစနစ်တကျထိန်းသိမ်းထားရှိမှုများကို ယမန်နေ့နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင်တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများနှင့်တွေ့ဆုံ၍ ပါမောက္ခချုပ်က တက္ကသိုလ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာအချက်အလက်များနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုဆိုင်ရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ကျောင်းသား၊ကျောင်းသူများကွန်ပျူတာသင်ကြားနေမှု၊ Language Lab တွင် အင်္ဂလိပ်စာသင်ကြားနေမှု၊ အထွေထွေဗဟုသုတသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး သက်သာချောင်ချိရေးအရောင်းဆိုင်၊ မွေးမြူရေးအစာစပ်စက်ရုံ၊ ဥစားကြက်၊ အသားစားကြက်၊ ဝက်မွေးမြူရေး၊ ငါးခူမွေးမြူရေးဆောင်ရွက်ထားရှိမှုများ စစ်ဆေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေပြန်လည်ကျဆင်းသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ နုန်းများ၊ အမှိုက်များဖယ်ရှားရှင်းလင်း



နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့် နေရာများတွင် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်းပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက်ညပိုင်းတွင်မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့ပြီး ရေဝင်ရောက်မှုကြောင့်လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့်ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့တို့တွင်ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါဝင်ရန်မြစ်ရေသည်အောက်တိုဘာလ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌လည်းကောင်း၊ အောက်တိုဘာလ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၌လည်းကောင်း၊ အောက်တိုဘာလ ၅ ရက်တွင် ကျုံပျော်မြို့နယ်၌လည်းကောင်း၊ အောက်တိုဘာလ ၇ ရက်တွင် ငါးသိုင်းချောင်းမြို့နယ်၌လည်းကောင်း ရေများပြန်လည်ကျဆင်းသွားခဲ့ပြီး ရေကြည်မြို့နယ်အတွင်း အနည်းငယ်သာကျန်ရှိကြောင်း သိရှိရသည်။

ထိုသို့ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

မိခေးမယ်ရီနို၏ ဒုတိယပိုင်းသွင်းဂိုးများဖြင့် စပိန်အသင်း ခရိုအေးရှားအသင်းကိုအနိုင်ရ



ရန်ကုန် အောက်တိုဘာ ၇

UEFA Nations League A Group(3) ပွဲစဉ်(၄)အဖြစ် ခရိုအေးရှားနိုင်ငံ စပလစ်မြို့၌ အောက်တိုဘာလ ၇ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် စပိန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းကွင်းလယ်ကစားသမား မိခေးမယ်ရီနို၏ ဒုတိယပိုင်းသွင်းဂိုးများဖြင့် ခရိုအေးရှားအသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် စပိန်အသင်းနှင့် ခရိုအေးရှားအသင်းတို့သည်တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပွဲကစားချိန် ၁၇ မိနစ်တွင် ခရိုအေးရှားအသင်းတောင်ပံတိုက်စစ်ကစားသမား အိုင်ဗန်ပါရီဆစ်က ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက်နှစ်ဖက်အသင်းကစားသမားများသည်ရရှိလာသည့် အခွင့်အရေးများကို အသုံးချနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းပွဲပြီးချိန်တွင် ခရိုအေးရှားအသင်းက စပိန်အသင်းကို ၁ ဂိုးအသာဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ဦးဆောင်ဂိုးခွင့်ပြုပေးရသည့်အတွက် စပိန်အသင်းတိုက်စစ်မြှင့်ကစားခဲ့သောကြောင့် ပွဲကစားချိန် ၆၁ မိနစ်တွင် စပိန်အသင်းကွင်းလယ်ကစားသမား မိခေးမယ်ရီနို၏ ဒုတိယပိုင်းသွင်းဂိုးဖြင့် ပွဲကစားချိန် ၈၈ မိနစ်တွင် မိခေးမယ်ရီနိုကပင် စပိန်အသင်းအတွက်ဒုတိယမြောက် အနိုင်ဂိုးကို ထပ်မံသွင်းယူခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးချိန်တွင် စပိန်အသင်းက ခရိုအေးရှားအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းသည် UEFA Nations League A Group(3) ပွဲစဉ်(၅)ကို နိုဝင်ဘာလ ၁၃ ရက်တွင် ချက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယခုနိုင်ပွဲကြောင့် နိုင်ငံတကာပွဲစဉ်တွင် ၄၂ ပွဲဆက် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်းသိရသည်။

ZMO

လှည်းကူးမြို့နယ်၌ သက်ကြီးဘိုးဘွားများအားကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံ Elderly Clinic ၌ ယနေ့နံနက်ပိုင်းတွင် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးအခမဲ့စောင့်ရှောက်မှုပေးခြင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘိုးဘွား ၂၇၇ ဦးလာရောက်ကုသမှုခံယူပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသောင်းဒန်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။ ထိုပြင်သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာတင်နိုင်က ဘိုးဘွား ၂၁ ဦးအား လည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပြည့်ပြည့်ဖြိုး ဦးစီးအဖွဲ့က ဘိုးဘွား ၆၁ ဦးအားလည်းကောင်း တိုင်းရင်းဆေးပညာဖြင့် ပူးပေါင်း၍ စောင့်ရှောက်မှုဆောင်ရွက်ပေးသည်။

ထို့နောက်အလှူရှင်တစ်ဦးက ကြက်သားဆန်ပြုတ်များဖြင့် အာဟာရဖြည့်တိုက်ကျွေးသည်။ သက်ကြီးဘိုးဘွားကျန်းမာရေးစောင့်ရှောက်မှုအား အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးနေကြောင်းသိရသည်။ **(၆၀၄)**



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် အောက်တိုဘာ ၇

မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်နှင့်အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ ကျောင်းပြင်ပ ဗဟုသုတများ ရရှိစေရန်နှင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ကျည်တောင်ကန်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်ဘာဝဆိုက်ရှုများကလာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

အားကစားရေးရာဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ် ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ပြေးခုန်ပစ်အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၆ ရက်မှ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

မြဝတီ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်၌ လုယက်လူသတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားသုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၇

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊အမှတ်(၄၂)ရပ်ကွက်၊ ဦးဝိစာရလမ်းနေ ဒေါ်စန္ဒာဝင်း (၅၇)နှစ်သည် အပြင်မှ ၎င်းပိုင် "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်သို့ ပြန်လည်ရောက်ရှိစဉ် အမျိုးသားတစ်ဦးမှ ဆိုင်ရှိ ငွေရှင်းကောင်တာအံဆွဲအား ဖွင့်နေသည်ကိုတွေ့ရှိသဖြင့် မေးမြန်းရာ အဆိုပါအမျိုးသားမှ ၎င်းအား လက်သီးဖြင့်ထိုးကြိတ်ခဲ့သဖြင့် ဝပါးဖူးရောင်ဒဏ်ရာရရှိခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် နေအိမ် မီးဖိုခန်းအတွင်းရှိ ခင်ပွန်းဖြစ်သူ ဦးကျော်ကျော်လွင်အား အခြားအမျိုးသားနှစ်ဦးက ခားဖြင့်ထိုးခုတ်ပြီး အဆိုပါအမျိုးသားသုံးဦး ထွက်ပြေးသွားချိန်တွင် ဦးကျော်ကျော်လွင်အား ကြည့်ရှုရာလည်ပင်း၊ ဝဲ/ယာပါး၊ ကုပ်ပိုး၊ နောက်ကျောနှင့် ယာလက်မောင်းတို့တွင် ပြတ်ရှဒဏ်ရာများရရှိခဲ့သောကြောင့် ဆေးကုသစဉ်သေဆုံးသွားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ တရားခံ အမျိုးသားသုံးဦးအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း(ပ)၉၅၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၄၅၂/၃၅၄/၃၂၃ ဖြင့် အမှုဖွင့်လှစ်ပြီး ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်နေ့ မွန်းလွဲပိုင်းတွင် တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုခဲ့သည့် သက်သေခံ ဓားမတစ်ချောင်း၊ ဓားဦးချွန် ငါးချောင်း၊ ကတ်ကြေးတစ်လက်၊ လေးခွတစ်လက်တို့ အား အခင်းဖြစ်ပွားရာ "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်းအရောင်းဆိုင် အတွင်း၌ သိမ်းဆည်းရမိခဲ့ပြီး တရားခံများဆက်လက်ဖမ်းဆီးနိုင်ရေးအတွက် နယ်မြေသတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာလ ၇ ရက်နေ့ နေ့လယ်ပိုင်းတွင် ပြစ်မှုကျူးလွန်သူ ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ ပန်းခြံ(၉)၊ ငကွဲလမ်းနေ တရားခံ အောင်ကိုဦး(ခ)လင်းလင်းရွှေ (၃၅) နှစ်အား ၎င်း၏နေအိမ်၌လည်းကောင်း၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ (ဏ/၁၄)ရပ်ကွက်၊ သုခမိန်လမ်းနေ ဇော်မျိုးနိုင်(ခ) အရှည်ကြီး (၃၉)နှစ်နှင့် ရွှေပြည်သာမြို့နယ်၊ (တ/၁၅)ရပ်ကွက်၊ ဖိုးရာဇာလမ်းနေ ကျော်ဘိုကို(ခ)ကံဦး (၂၆)နှစ် တို့အား ၎င်းတို့၏နေအိမ်များ၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကာ သေဆုံးသူ ဦးကျော်ကျော်လွင်၏လက်မှ ဖြုတ်ယူရရှိခဲ့သည့် အလေးချိန် ၈ ပဲသားရှိ သက်သေခံ ရွှေလက်စွပ်(၁)ကွင်းအား ရွှေပြည်သာမြို့နယ်၊ လှော်ကားစျေးအတွင်းရှိ နဝလီရွှေဆိုင်မှ ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ အောင်ကိုဦး(ခ) လင်းလင်းရွှေ ဇော်မျိုးနိုင်(ခ)အရွယ်ကြီးနှင့် ကျော်ကိုကို(ခ) ကံဦးတို့သုံးဦးအား စစ်ဆေးခဲ့ရာ အဆိုပါ စျေးဆိုင်၌ အသက်ကြီးရင့်သူ နှစ်ဦးသာရှိသည်ကိုသိရှိပြီး ငွေကြေးလိုအပ်ချက်အရ လုယက်ရန် တိုင်ပင်ပြီးနောက် ဝင်ရောက်လုယက်ခဲ့ရာ ဦးကျော်ကျော်လွင်မှ အော်ဟစ်အကူအညီတောင်းသဖြင့် ၎င်းတို့ ယူဆောင်လာသည့် ကတ်ကြေး (တစ်ခြမ်းပဲ့)ဖြင့်ထိုးခြင်း၊ နေအိမ် မီးဖိုခန်းရှိ ဓားများဖြင့်ထိုးခုတ်ခြင်းများပြုလုပ်ပြီး ဦးကျော်ကျော်လွင် ထံမှ ရွှေလက်စွပ်(၁)ကွင်းနှင့် အံဆွဲအတွင်းမှငွေ ၇၀၀၀/-အား ယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်းအရောင်းဆိုင် အတွင်း ဝင်ရောက်၍ လုယက်လူသတ်မှုကျူးလွန်ခဲ့ကြသူ တရားခံ အောင်ကိုဦး(ခ) လင်းလင်းရွှေပါသုံးဦးတို့အား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်၌ လုယက်လူသတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားသုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။



နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲတွင် မြန်မာ ယူ-၁၇ အမျိုးသားအသင်း အိန္ဒိယ ယူ-၁၇ အမျိုးသားအသင်းကို ရှုံးနိမ့်

ရန်ကုန် အောက်တိုဘာ ၇

နိုင်ငံတကာ ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် မြန်မာယူ-၁၇ အမျိုးသားအသင်းနှင့်အိန္ဒိယယူ-၁၇ အမျိုးသားအသင်းတို့၏ ဘောလုံးပွဲစဉ်ကို ယနေ့ညနေပိုင်းတွင် သန်လျင်မြို့ရှိ Star City အားကစားကွင်း၌ယှဉ်ပြိုင်ကစားကြရာ မြန်မာယူ-၁၇ အမျိုးသားအသင်းသည် အိန္ဒိယ ယူ-၁၇ အမျိုးသားအသင်းကို ၄ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ပထမပိုင်း ပွဲကစားချိန်နှစ်မိနစ်တွင် အိန္ဒိယအသင်း ဆက်တိုက် ဖိအားပေးကစားခဲ့ပြီး ဂိုးရနိုင်သည့် အနေအထား သုံးကြိမ်လောက်ကို မြန်မာနောက်တန်းနှင့် ဂိုးသမား စောအောင်ကျော်ဖြိုးတို့ အကောင်းဆုံး ဟန့်တားကာကွယ်နိုင်ခဲ့သော်လည်း ပွဲကစားချိန် မိနစ် ၄၀ တွင် အိန္ဒိယအသင်းခေါင်းဆောင် DALL-ALMUON GANGTE ၏ဦးဆောင်ဂိုးကိုခွင့်ပြုပေးလိုက်ရ၍ ပထမပိုင်း အပြီးတွင် အိန္ဒိယအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် အိန္ဒိယအသင်းကသာ ပွဲကိုဦးဆောင်ကစားလာ၍ မြန်မာအသင်း ခံစစ်အသွင်သာကစားခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့် ထိုးဖောက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ပွဲကစားချိန် ၅၃ မိနစ်တွင် တိုက်စစ်အားကောင်းသည့် အိန္ဒိယအသင်းကို ဒုတိယဂိုးပေးလိုက်ရသည်။ လက်ကျန်ပွဲကစားချိန်များတွင်လည်း အိန္ဒိယတိုက်စစ်ကသာ မြန်မာအသင်းဘက်ကို ထိုးဖောက်ကစားနိုင်ခဲ့ပြီး ပွဲကစားချိန် မိနစ် ၆၀ တွင် KAMGOUHAO DOUNGEL က တတိယဂိုးနှင့် ပွဲကစားချိန် ၇၂ မိနစ်တွင် HRISHIKESH CHARAN က စတုတ္ထဂိုးများသွင်းယူနိုင်ခဲ့၍ ပြိုင်ပွဲအပြီးတွင် အိန္ဒိယ ယူ-၁၇ အသင်းက မြန်မာ ယူ-၁၇ အသင်းကို ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

ဝန်းရံခ

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု









နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက် ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင်အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်းလုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနိုင်မှုနှင့်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား အပိုင်း ၃ ပိုင်းခွဲ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ရာ ဇန်နဝါရီလ ၉ ရက်တွင် ရာနှုန်းပြည့်ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

အလားတူရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံ ၁၄၀ လုံးအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ဆောင်ရွက်ခဲ့ရာ ပထမပိုင်းအနေဖြင့် အဆောက်အအုံ ၇၇ လုံးအား ဇူလိုင်လ ၂၆ ရက်နေ့တွင် စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယပိုင်းအနေဖြင့်ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၄ လုံး နှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျထပ်မံဖြိုချဖျက်ဆီးခြင်းများကိုအောက်တိုဘာလ ဖြစ်ရက်နေ့မှစ၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ၅ ထပ် အဆောက်အအုံ ၁လုံးအား ဆက်လက် ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၄၈ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ၆ထပ် အဆောက်အအုံ ၁လုံးအားလည်း ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံများအား အမြန်ဆုံး ဖြိုချဖျက်ဆီးနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၇-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ



ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ
ထုတ်လုပ်သော **ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား



ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၂၊ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀



Quality For You VEGA ပီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ




သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ဝ၉-၂၀၁၂၀၅၁၊ ဝ၉-၄၀၂၆၃၃၆၈၉၊ ဝ၉-၆၉၈၃၅၅၃၃၀





၂၀၂၆ တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဂျိုကိုဗစ် ချန်ပီယံဆုဆွတ်ခူးရရှိ

ပေကျင်း အောက်တိုဘာ ၇

တရုတ်နိုင်ငံ၌ကျင်းပခဲ့သည့် ၂၀၂၆ တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် နယူးဇီလန်တင်းနစ်ကစားသမား အဲလက်ဒီမိမူအာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးရရှိခဲ့သည်။

အဆိုပါဗိုလ်လုပွဲစဉ် ပထမပွဲငယ်တွင် အကြိတ်အနယ်ရှိခဲ့ပြီး ဂျိုကိုဗစ်က (၇-၆) ရလဒ်ဖြင့် အနိုင်ရရှိပြီး ဒုတိယပွဲငယ်ကစားချိန်တွင် အဲလက်ဒီမိမူအာအနေဖြင့် ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူခဲ့ရပြီး ဆက်လက်ကစားရန်မဖြစ်နိုင်တော့သည့်အခြေအနေကြောင့် ဂျိုကိုဗစ်က အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၁၅ ခုနှစ်တို့တွင် ချန်ပီယံဆုများ ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် ပြန်လည်ဝင်ရောက်ကစားခဲ့ပြီးနောက် ခုနှစ်ကြိမ်မြောက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခြင်းဖြစ်ကာ ဝင်ရောက်ကစားသည့်နှစ်တိုင်းတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်သည့် အတွက် ATP 500 အဆင့်တင်းနစ်ပြိုင်ပွဲများတွင် ချန်ပီယံဆုကို ၁၅ ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့ပြီး ချန်ပီယံဆုအကြိမ်ရေအများဆုံးရရှိသည့် ကစားသမားစာရင်းတွင် ဒုတိယနေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref;AGTP Tennis

အက်သလက်တီကိုအသင်းက နည်းပြဆီမြွှန်နီအား သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်

မက်ဒရစ် အောက်တိုဘာ ၇

အက်သလက်တီကိုအသင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် နည်းပြဆီမြွှန်နီအား သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်ဖြစ်သည်။

နည်းပြဆီမြွှန်နီသည် အက်သလက်တီကိုအသင်းကို ၂၀၁၁ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။ ၎င်းအနေဖြင့် အသင်းကို ကိုင်တွယ်ခဲ့ပြီးနောက် ဥရောပထိပ်တန်းကလပ်အသင်း တစ်သင်းဖြစ်အောင် တည်ဆောက်နိုင်ခဲ့ပြီး စပိန်လာလီဂါပြိုင်ပွဲတွင်လည်း ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့နှင့်အတူ စပိန်လာလီဂါချန်ပီယံဆုအတွက် အားပြိုင်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

နည်းပြ ဆီမြွှန်နီသည် အသင်းကို တာဝန်ယူကိုင်တွယ်ပြီးနောက် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီ၊ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတို့တွင် ရီးယဲလ်မက်ဒရစ်နှင့်ဘာစီလိုနာအသင်းတို့ကိုကျော်ဖြတ်ကာ စပိန်လာလီဂါဖလားဆွတ်ခူးပေးနိုင်သကဲ့သို့ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီနှင့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတို့တွင် လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သည်။

လက်ရှိ အက်သလက်တီကိုအသင်းနှင့် နည်းပြဆီမြွှန်နီတို့စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် အက်သလက်တီကိုအသင်းက နည်းပြ ဆီမြွှန်နီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး ယခုဘောလုံးရာသီမကုန်ဆုံးမီ စာချုပ်ချုပ်ဆိုဖွယ်ရှိကြောင်း သိရသည်။

Ref;Topskillsport UK

EPSON Tour Championship ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်မယ် ဇီဘယ်စကီး ချန်ပီယံဆုဆွတ်ခူး

ဝါရှင်တန် အောက်တိုဘာ ၇

အမေရိကန်နိုင်ငံ၌ ကျင်းပခဲ့သည့် EPSON Tour Championship ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်မယ် ဇီဘယ်စကီးက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

EPSON Tour Championship ပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် အကြိတ်အနယ်ရှိခဲ့ပြီး ဇီဘယ်စကီးက နောက်ဆုံးရက်တွင် သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲအပြီးတွင် ဇီဘယ်စကီးသည် စုစုပေါင်းရိုက်ချက် ၂၆၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်အထိ လျော့ရိုက်နိုင်ခဲ့ပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ နောက်တွင် အမေရိကန်ဂေါက်သီးရိုက်မယ် မိယာဘယ်တင်က စုစုပေါင်းရိုက်ချက် ၂၇၀ ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ဖြင့် ဒုတိယ၊ အမေရိကန်ဂေါက်သီးရိုက်မယ် ကာသာနီပက်က စုစုပေါင်း ရိုက်ချက် ၂၇၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့၊ ထိုင်းဂေါက်သီးရိုက်မယ် ဝမ်ယက်ကလည်း စုစုပေါင်း ရိုက်ချက် ၂၇၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ဖြင့် ပူးတွဲတတိယဆုများ ဆွတ်ခူးနိုင်ခဲ့ကြသည်။



ယခုနှစ်ပြိုင်ပွဲတွင် ဆုကြေးများတိုးမြှင့်ပေးအပ်ခဲ့ရာ ချန်ပီယံဆုဆွတ်ခူးနိုင်သည့် ဇီဘယ်စကီးအနေဖြင့် အမေရိကန်ဒေါ်လာတစ်သိန်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref;DP Tour

2026 Golden Boy Award ဆု ဆန်ခါတင်ကစားသမားစာရင်းထုတ်ပြန် ဘာစီလိုနာအသင်းကစားသမား ကျူဘာစီ ဆုရရှိရန် ရေပန်းစားနေ

ရောမ အောက်တိုဘာ ၇

2026 Golden Boy Award ဆုအတွက် ဆန်ခါတင်ကစားသမား ၂၅ ဦးစာရင်းကို ထုတ်ပြန်ကြေညာပြီးနောက် ဘာစီလိုနာအသင်းမှ လူငယ်ကစားသမား ကျူဘာစီက ဆုရရှိရန် ရေပန်းစားလျက်ရှိသည်။

Golden Boy Award ဆုကို အီတလီနိုင်ငံအခြေစိုက် ထိပ်တန်းအားကစားသတင်းစာ ဖြစ်သည့် Tuttosport က ၂၀၀၃ ခုနှစ်မှ စတင်ပြီး စီစစ်ရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပြီး ဥရောပကလပ်အသင်းများတွင် ကစားနေသည့် အသက် ၂၁ နှစ်အောက် ကစားသမားများမှ စီစစ်ရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းဖြစ်သည်။

Golden Boy Award ဆုကို ကစားသမားတစ်ဦးလျှင် တစ်ကြိမ်သာပေးအပ်ခြင်းဖြစ်ပြီး မက်ဆီ၊ ဖာဘာရီဂတ်၊ ရွှန်းနီ၊ အဂူရို၊ ပေါ်ဂ်ဘာ၊ အမ်ဘာပီပီ၊ ဂျာအိုဖီးလစ်၊ ပက်ဒရီ၊ ဂါဗီ၊ ဟာလန်း၊ ယာမယ် စသည့် ကစားသမားများလည်း ဆွတ်ခူးနိုင်ခဲ့ပြီး လူငယ်ကစားသမားများအတွက် အထင်ကရဆုတစ်ခုဖြစ်သည်။



Golden Boy Award ဆုအတွက် ဆန်ခါတင်ကစားသမား ၂၅ ဦးစာရင်းတွင် ဘာစီလိုနာအသင်းမှ ကျူဘာစီ၊ ဘာနယ်၊ အက်စပက်၊ မန်စီးတီးအသင်းမှ ဘူအာဒီ၊ ပီအက်စ်ဂျီအသင်းမှ ဇိုင်အမ်မရီ၊ ရီးယဲလ်မက်ဒရစ်အသင်းမှ ဒီယိုမန်ဒီ၊ အန်းဒရစ်၊ ဘရိုက်တန်အသင်းမှ ဗက်ကိုဗစ်ချ်၊ ကော်စတိုလက်၊ ပေါ်တိုအသင်းမှ ဖရိုဟိုတက်၊ အာဆင်နယ်အသင်းမှ လီဝှစ်စကယ်လီ၊ ဘုန်းမောက်စ်အသင်းမှ ရိုင်ယန်၊ ကာရိုပီ၊ ချယ်လ်ဆီးအသင်းမှ ဟာတို၊ အက်စ်တီဗာအို၊ ဘိုင်ယန်မြူးနစ်အသင်းမှ ခါရယ်၊ ဘင်ဖိကာအသင်းမှ ပရီစတီနီ၊ ဒေါ့မွန်အသင်းမှ ဂါဒေါ့ဖ်၊ ကာရီဆက်၊ ကိုလုံးအသင်းမှ မာလာ၊ ဆိုစီဒက်အသင်းမှ မာတင်၊ ဂျူဗင်တပ်စ်အသင်းမှ ကီရင်၊ စတုဂတ်အသင်းမှ ဖင်ဂျယ်ဆက်၊ ရိုးမားအသင်းမှ မိုရာ၊ ဖီအိုရင်တီးနာအသင်းမှ မက်စတန်တူနိုတို့ ပါဝင်ခဲ့ကြသည်။

ကျူဘာစီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး အသင်းအတွက် အဓိကကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ကျူဘာစီသည် ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း စပိန်အသင်းဗဟိုခံစစ်ပိုင်းတွင် အဓိကကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြနိုင်ခဲ့ကာ ပြိုင်ပွဲ၏အကောင်းဆုံး လူငယ်ကစားသမားဆုကိုပင် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref;B/R Football

အင်္ဂလန်အသင်းသမိုင်းတစ်လျှောက် နိုင်ငံတကာပွဲအများဆုံးကစားသမားစံချိန်ကို တိုက်စစ်မှူးဟယ်ရီကိန်း လိုက်မီနိုင်

လန်ဒန် အောက်တိုဘာ ၇

အင်္ဂလန်အသင်း ဝါရင့်တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားသည့် အင်္ဂလန်အသင်းနှင့် ချက်အသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် အသင်းသမိုင်းတစ်လျှောက်တွင် ပွဲအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် ပီတာချဲလ်တန်၏စံချိန်ကို လိုက်မီနိုင်ခဲ့သည်။

ဟယ်ရီကိန်းသည် အင်္ဂလန်အသင်းနှင့် ချက်အသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားခဲ့သည့်အတွက် နိုင်ငံတကာပွဲပေါင်း ၁၂၅ ပွဲအထိရှိလာပြီး အင်္ဂလန်အသင်းသမိုင်းတစ်လျှောက်တွင် နိုင်ငံတကာပွဲအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် ပီတာချဲလ်တန်၏ ပွဲအရေအတွက်စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဟယ်ရီကိန်းသည် အင်္ဂလန်အသင်းနှင့်အတူ ၂၀၁၅ ခုနှစ်က စတင်ပါဝင်ကစားပြီးနောက် ဆယ်စုနှစ်တစ်ခုကျော်ကြာပါဝင်ကစားခဲ့ကာ အသင်းသမိုင်းတစ်လျှောက် ပွဲအရေအတွက်အများဆုံးစံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသမိုင်းတစ်လျှောက် နိုင်ငံတကာပွဲအများဆုံးကစားသမားစာရင်းတွင် ဟယ်ရီကိန်းနှင့် ပီတာချဲလ်တန်တို့နောက်တွင် ရွှန်းနီက ပွဲ ၁၂၀၊ ဒေးဗစ်ဘက်ခမ်းက ၁၁၅ ပွဲ၊ စတီဗင်ဂျရက်က ၁၁၄ ပွဲ၊ ဘော်ဘီမိုရီက ၁၀၈ ပွဲ၊ အက်ရ်လေကိုးလ်က ၁၀၇ ပွဲ၊ ဘော်ဘီချာလ်တန်က ၁၀၆ ပွဲ၊ ဖရန့်လမ်းပတ်က ၁၀၆ ပွဲ၊ ဘိုင်လီပို့ဂ်က ၁၀၅ ပွဲဖြင့် နိုင်ငံတကာပွဲအများဆုံးကစားသမား ၁၀ ဦးစာရင်းတွင် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref;B/R Football

ATV VIETNAM TRADING AND CONSTRUCTION COMPANY LIMITED

မြန်မာနိုင်ငံလူမွေခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၄၇(က)(၂)နှင့် ပုဒ်မ-၁၅၂(က)အရ အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းခြင်း

(၇-၁၀-၂၀၂၆)ရက်တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ ATV VIETNAM TRADING AND CONSTRUCTION COMPANY LIMITED ကို အစုရှင်ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးရှင်ငြိမ်း Insolvency Practitioner No.103594 အား ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်ရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်နောက်ပိုင်း တင်ပြတောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

Daw May Phyu Win — ဦးရှင်ငြိမ်း
Director — စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ATV Vietnam Trading and Construction Company Limited — အမှတ်-၅၀၊ ၅၆ လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၄၃၀၄၆

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ မအူအောက်ဆိပ် အ.ထ.က တွင် အဌမတန်းထိ ပညာသင်ကြားခဲ့သော မောင်မင်းမြတ်ကိုကို၏ ဖခင် ဦးမြတ်ဌေး၏အမည်မှန်မှာ စ/ရစက(နိုင်) ၁၃၈၅၁၉ ဦးမြဌေးဖြစ်ပါကြောင်း။ **ဦးမြဌေး**

ပျောက်ဆုံးကြောင်း

ဘိုမ(ဘ)ဦးမောင်မြင့် ၉/လဝန(နိုင်) ၁၆၉၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 115333)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၃၆၉၉၀၂၆

ပျောက်ဆုံးကြောင်း

ဘိုမ(ဘ)ဦးမောင်မြင့် ၉/လဝန(နိုင်) ၁၆၉၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 516071)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၂၂၃၅၅

မိခင်အမည်မှန်

လယ်ဝေးမြို့၊ အ.လ.က(ခွဲ)မြို့မ Grade-9(A) မှ မရွှေရုပ်လွှာ၏မိခင်အမည်မှန်မှာ ဒေါ်ဆန်းညွန့်ဖြစ်ပါကြောင်း။
ဒေါ်ဆန်းညွန့်

အမည်မှန်

နေပြည်တော်၊ ဒကို့ဇာသီရိမြို့နယ်၊ ရန်အောင်မြင် အ.ထ.က(ခွဲ) Grade-6 မှ အဘ ဦးတေဇော်ဦး၏သမီး မစုရတီသန့်ဇင်၏အမည်မှန်မှာ မစုရတီသန့်စင်ဖြစ်ပါကြောင်း။
မစုရတီသန့်စင်

ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း Grade-12 မှ မောင်သကြိန်မောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းတင် ၉/တကန(နိုင်)၁၅၃၈၃၈ ဖြစ်ပါကြောင်း။ **ဦးဆန်းတင်**

ပျောက်ဆုံးကြောင်း

မဦးစောရီ(ဘ)ဦးမောင်ကျော်သာ ၁၁/စတန (နိုင်)၀၅၁၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၄၁၀၆၆၂

မွေးသက္ကရာဇ်အမှန်

စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်း ဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးမြို့မှ ဌာနခွဲစာရေး ဦးတင်မောင်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၅-၁၉၆၆ ဖြစ်ပါကြောင်း။
၂၆-၅-၁၉၆၆

ပျောက်ဆုံးကြောင်း

လောရယ်(ဘ)ဦးကျော်သန်း ၂/ဒမဆ(နိုင်) ၀၂၅၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၅၉၈၉၅၄

ပျောက်ဆုံးကြောင်း

ကျော်သူ(ဘ)ဦးအောင်မြင့် ၁၄/လမန(နိုင်) ၀၈၅၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၇၂၁၅၆၃၄

ပျောက်ဆုံးကြောင်း

အေးအေးမော(ဘ)ဦးသိန်းလှိုင် ၁၂/မရက (နိုင်)၁၂၉၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 258035)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၁၈၃၄၁၈၄

ပျောက်ဆုံးကြောင်း

စိစိလွှားလှဆိုင်း(ဘ)ဦးတက်တိုး ၁/မကတ (နိုင်)၁၄၂၀၃၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MH 733589)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၈၅၃၅၈၈၂

ပျောက်ဆုံးကြောင်း

စုမြတ်နိုင်(ဘ)ဦးမျိုးနိုင် ၁၃/တကန(နိုင်) ၃၈၅၈၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၀၅၅၀၂၅၆

ပျောက်ဆုံးကြောင်း

သီတာစိုး(ဘ)ဦးတင်စိုး ၉/လဝန(နိုင်) ၁၅၆၉၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၁၈၅၁၀

ပျောက်ဆုံးကြောင်း

နီနီဝင်းထွန်း(ဘ)ဦးကျော်ဌေး ၁၂/ကမတ (နိုင်)၀၈၅၂၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 489308)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ခြူးရတနာဖြိုး(ဘ)ဦးအောင်ကျော်မြင့် ၁၄/ဇလန(နိုင်)၁၃၇၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ကျော်သက်ဦး(ဘ)ဦးဝင်းကျော် ၁၂/ဒဂရ (နိုင်)၀၃၀၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

သိန်းဇော်(ဘ)ဦးခင်မောင် ၁၂/လကန(နိုင်) ၁၀၆၃၃၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅၂

ပျောက်ဆုံးကြောင်း

မောင်ကိုဇော်(ဘ)ဦးလှရှိန် ၇/ပခတ(နိုင်) ၀၆၅၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅၂

ပျောက်ဆုံးကြောင်း

အောင်ကျော်ဦး(ဘ)ဦးလှမောင် ၉/မလန (နိုင်)၁၁၁၁၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၀၂၇၇၁၄၆

ပျောက်ဆုံးကြောင်း

ခင်မာလွင်(ဘ)ဦးထွန်းရွှေ ၉/ရမသ(နိုင်) ၁၂၈၃၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၃၃၅၆၆၀၀

ပျောက်ဆုံးကြောင်း

သန်းသန်းစိုး ၁၂/လမန(နိုင်)၁၀၉၆၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၂၀၃၇၂

ပျောက်ဆုံးကြောင်း

သန်းသန်းစိုး(ဘ)ဦးသန်းဌေးမောင် ၈/ ဆဖန(နိုင်)၁၁၄၂၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

မအေလ်မာကို(ဘ)ဦးကိုကိုနိုင် ၁၃/လလန (နိုင်)၀၉၀၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

တင်အေး(ဘ)ဦးကျော်အေး ၁၀/မလမ(နိုင်) ၁၇၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၃၀၄၅၅၃၀

ပျောက်ဆုံးကြောင်း

မခြင့်အောင်(ဘ)ဦးမောင်ငို ၃/ဘအန(နိုင်) ၃၄၅၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 414665)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅၂

ပျောက်ဆုံးကြောင်း

ဒေါ်နန်းအိအိဖြိုး(ဘ)ဦးအောင်သိန်းမြင့် ၃/ ပကန(နိုင်)၀၄၉၂၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 537452)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅၂

ပျောက်ဆုံးကြောင်း

မောင်ဆန်းဝင်း(ဘ)ဦးထွန်းအေး ၁၁/တကန (နိုင်)၁၀၃၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 797497)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၈၉၃၃၅၆၆၀၀

ပျောက်ဆုံးကြောင်း

ပေါက်မြို့နယ်၊ စံသိန်းကျေးရွာနေ မသူဇာမြင့်(ဘ)ဦးငွေသိန်း ၈/ပမန (နိုင်)၁၆၅၅၈၈ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(MD 778742)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၈၅၇၅၆၈

ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာ ရပ်ကွက်နေ မောင်ဇေခုန်ဇိုင်းအောင်(ဘ) ဦးဇေခုန်ဘရန်ရှောင် ၁/မကန(နိုင်)၂၄၆၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH 261114)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၇၉၆၃၁၉၉၀၃**

ပျောက်ဆုံးကြောင်း

သနပ်ပင်မြို့နယ်၊ သနတ္တာနန်းကျေးရွာ နေ မမျိုးမျိုးအေး(ဘ)ဦးချစ် ၇/သနပ (နိုင်)၁၄၀၅၈၄ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(MF 614838)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၈၅၇၅၆၈

ပျောက်ဆုံးကြောင်း

ပေါက်မြို့နယ်၊ စံသိန်းကျေးရွာနေ မောင်မင်းဦး(ဘ)ဦးငွေးညွှန့် ၈/ပမန (နိုင်)၁၂၄၆၅၂ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(MD 785103)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၈၅၇၅၆၈

ပျောက်ဆုံးကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ညောင်ကိုင်းကျေးရွာအုပ်စု၊ အောင်သာ ကျေးရွာနေ အောင်မျိုးဦး(ဘ)ဦးမျိုး ၉/ တကန(နိုင်)၂၃၅၆၇၉ ကိုင်ဆောင်သူ၏နိုင်ငံ ကူးလက်မှတ်အမှတ်(MF 889972)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၆၇၈၇၀၆၆၃၃**

ဖခင်အမည်မှန်

ကေတုမတီမြို့၊ အ.ထ.က ကေတုမတီ Grade-11(B) မှ မရှင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းသန်း ၇/ပမန(နိုင်)၀၀၄၂၀၉ ဖြစ်ပါကြောင်း။
ဦးစိုးမင်းသန်း

ပျောက်ဆုံးကြောင်း

ဝိုင်းမော်မြို့နေ မောင်အင်ခွန်ခင်မျိုး အောင်(ဘ)ဦးရမ်ဘော်ဖုန် ၁/၀မန (နိုင်)၁၁၈၇၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 492376) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၉၀၀၄၀၀၂

ပျောက်ဆုံးကြောင်း

အောင်လံမြို့နယ်၊ ဖောင်ရိုးရွာနေ ထက်ဝေအောင်(ဘ)ဦးသန်း၀င်း ၈/ အလန(နိုင်)၂၃၆၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 17477) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၃၁၉၉၀၃

ပျောက်ဆုံးကြောင်း

လှိုင်းဘွဲ့မြို့၊ ပိန္နဲတောရွာနေ နန်းမရွှေမြင့်(ဘ)ဦးညာညာ ၃/လဘန (နိုင်)၁၇၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(ME 933309)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၇၀၉၁၁၄၄

ပျောက်ဆုံးကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ် (၁)ရပ်ကွက်နေ ဦးညွှန့်လှိုင်(ဘ) ဦးကျော်ငြိမ်း ၉/လဝန(နိုင်)၁၃၅၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 620944)မှာ ပျောက်ဆုံး သွားပါသဖြင့်တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၄၃၀၅၁၃၁၉၂**

THANG LOI COMPANY LIMITED

မြန်မာနိုင်ငံလူမွေခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၄၇(က)(၂)နှင့် ပုဒ်မ-၁၅၂(က)အရ အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းခြင်း

(၇-၁၀-၂၀၂၆)ရက်တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ THANG LOI COMPANY LIMITED ကို အစုရှင်ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးရှင်ငြိမ်း Insolvency Practitioner No.103594 အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ဤကြော်ငြာပါသည့်ရက်မှ (၁)လ အတွင်း ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်ရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်နောက်ပိုင်း တင်ပြတောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

U Min Soe — ဦးရှင်ငြိမ်း
Managing Director — စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Thang Loi Co.,Ltd. — အမှတ်-၅၀၊ ၅၆ လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၄၃၀၄၆

ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း Grade-12 မှ မောင်သကြိန်မောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းတင် ၉/တကန(နိုင်)၁၅၃၈၃၈ ဖြစ်ပါကြောင်း။ **ဦးဆန်းတင်**

ပျောက်ဆုံးကြောင်း

စိစိလွှားလှဆိုင်း(ဘ)ဦးတက်တိုး ၁/မကတ (နိုင်)၁၄၂၀၃၇ ကိုင်ဆောင်သူ၏နိုင်ငံကူး လက်မှတ်အမှတ်(MH 733589)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၂၆၈၅၃၅၈၈၂**

ပျောက်ဆုံးကြောင်း

သိန်းဇော်(ဘ)ဦးခင်မောင် ၁၂/လကန(နိုင်) ၁၀၆၃၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅၂

ပျောက်ဆုံးကြောင်း

မအေလ်မာကို(ဘ)ဦးကိုကိုနိုင် ၁၃/လလန (နိုင်)၀၉၀၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာ ရပ်ကွက်နေ မောင်ဇေခုန်ဇိုင်းအောင်(ဘ) ဦးဇေခုန်ဘရန်ရှောင် ၁/မကန(နိုင်)၂၄၆၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH 261114)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၇၉၆၃၁၉၉၀၃**

ဖခင်အမည်မှန်

ကေတုမတီမြို့၊ အ.ထ.က ကေတုမတီ Grade-11(B) မှ မရှင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းသန်း ၇/ပမန(နိုင်)၀၀၄၂၀၉ ဖြစ်ပါကြောင်း။
ဦးစိုးမင်းသန်း

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး





ကျန်းမာရေးကိုအထောက်အကူပြုစေသော နှမ်းဆီ

❖ နှမ်းဆီသည် သဘာဝမှရရှိသော ဆေးဖက်ဝင်ဆီတစ်မျိုးဖြစ်ပြီး သင့်တင့်မျှတစွာစားသုံးပေးပါက နှလုံး၊ သွေးကြော၊ အသားအရေနှင့် ခန္ဓာကိုယ်အင်္ဂါအဖွဲ့အစည်းအသီးသီးကို ကျန်းမာသန်စွမ်းစေ . . .

❖ စနစ်ကျသော အစားအသောက်ပုံစံနှင့်အတူ နှမ်းဆီကို နေ့စဉ်အကန့်အသတ်ဖြင့် ထည့်သွင်းစားသုံးခြင်းသည် ကျန်းမာရေးအတွက် သက်ရှည်ကျန်းမာစေမည့် နည်းလမ်းကောင်းတစ်ခုဖြစ် . . .

အရသာမဆိုသလောက် ခါးသက်သက်ရှိသော နှမ်းဆီသည် ဟင်းသီးဟင်းရွက်ဆီတစ်မျိုးဖြစ်သည်။ ယင်းသည် အစားအစာများကို အရသာပိုမိုကောင်းမွန်စေရုံသာမက ရှေးယခင် အာယုဗွေဒဆေးပညာမှသည် ခေတ်သစ်သိပ္ပံနည်းကျ လေ့လာမှုများအထိ ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများစွာရှိသော ဆီတစ်မျိုးဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးနှင့် အာယုဗွေဒဆေးပညာတွင် နှမ်းဆီကို ဆေးဖက်ဝင်ပစ္စည်းအဖြစ် အကျယ်တဝင့်အသုံးပြုကြသည်။

မြန်မာ့ဆေးကျမ်းအလိုအရ နှမ်းဆီသည် စိမ့်၏။ စဉ်းငယ်ဖန်၏။ ခါး၏။ ကြေခဲ၏။ ဝမ်းမီးချက်၍ ကျက်လျှင် စိမ့်၏။ ပူ၏။ လိမ်းလျှင် အေး၏။ ကိုယ်ကို ခိုင်ခံ့စေတတ်၏။ အားကြီးစေတတ်၏။ အသားအရေကို ကောင်းမွန်စေတတ်၏။ အသံကို ကောင်းစေတတ်၏။ လေ၊ သလိပ်ကိုနိုင်၏။ သွေး၊ သည်းခြေကို ပျက်စေတတ်၏။ အကြောကို လျော့စေတတ်၏။ ဝမ်းမီးကို တောက်စေတတ်၏။ ဉာဏ်ပညာကို တိုးပွားစေတတ်၏။ မောပန်းခြင်းကို ပျောက်စေတတ်၏။ နားနှင့် အင်္ဂါကြီးငယ်၊ ဦးခေါင်းကိုက်ခဲခြင်းတို့ကို နိုင်၏။ ယားနာ၊ နူနာ၊ ပိုးနာတို့ကို နိုင်၏။

ခြေကျိုး၊ လက်ကျိုးသောဒဏ်ရာအတွက် နှမ်းဆီငါးကျပ်သားကို ပြဒါးရှစ်ပဲသား ထည့်ပြီး ပူရုံချက်၍ ယင်းဆီဖြင့် ကျိုးသောနေရာကိုလိမ်းပြီး ကျပ်စည်းပေးပါ။ လေငန်း၊ လေဖြတ်၍ ခြေ၊ လက်လှုပ်မရသော် ရင်းပြား၊ ဇာတိပို့ဂုလ်သီး၊ လေးညင်း၊ ပရုတ်ဆေးလေးပါးကို လေးပဲသားစီ အမှုန့်ပြုလုပ်၍ နှမ်းဆီ၊ အရက်တို့နှင့်ရောစပ်လိမ်းပေးပါ။

ဝမ်းချုပ်ပြီး အကျိအခွဲများမကြာခဏ အနည်းငယ်စီသွားသော ရောဂါအတွက် သံပရာရည်၊ နှမ်းဆီ၊ ဆား ရောမွှေပြီး သောက်ပေးပါ။ ရင်ဘတ်အောင့်ခြင်းအတွက် သံပရာရည်၊ နှမ်းဆီ၊ ဆားသုံးမျိုးကို အညီအမျှစီ အနည်းငယ်ကို နံနက်၊ ည သောက်ပါ။ ခြေဖျား၊ လက်ဖျားများ အေးခြင်းအတွက် ကြက်သွန်ဖြူနှင့် ရှိန်းခိုနှစ်မျိုး အညီအမျှကို နှမ်းဆီဖြင့်ပျစ်ပျစ်နယ်၍ ဆီးသီးကင်းခန့် နံနက်၊ ည စားပါ။

အစာမကြေ ဝမ်းဗိုက်ကယ်ရောဂါအတွက် နှမ်းဆီနှင့် ရှိန်းခို ဖျော်လိမ်းပေးပါက ပျောက်ကင်းစေသည်။ နားလေထွက်ခြင်းဖြစ်လျှင် နှမ်းဆီတစ်ဇွန်း၊ နွားကျင်ငယ်ရေ ငါးဇွန်းကို မီးဖြင့် တစ်ပွက်၊ နှစ်ပွက် ဆူအောင်ချက်ပြီး နားကျပ်တံဖြင့်ကျပ်ပေးပါ။ ကာလဝမ်းရောဂါကြောင့် ကြွက်တက်သော် ဒေါင်းမြီးဖြင့် နှမ်းဆီကို လိမ်းနယ်ပေးပါ။ ဝမ်းဖောဝမ်းရောင်ခြင်းတို့အတွက် နှမ်းဆီ ၁၀ ကျပ်သား၊ ပရုတ် ရှစ်ပဲသား၊ မင်သော် လေးပဲသားတို့အား ဆီတစ်ပွက်၊ နှစ်ပွက်ဆူအောင် ချက်ပြီး အေးသောအခါ လိမ်းဆေးအဖြစ် အသုံးပြုပါ။

နံနက်အိပ်ရာထချိန်တွင် နှမ်းဆီကို ပါးစပ်အတွင်း ၁၀ မိနစ်မှ ၁၅ မိနစ်ခန့် ငုံပေးခြင်းဖြင့် ပါးစပ်အတွင်းရှိ ဗက်တီးရီးယားများကို ဖယ်ရှားပေးကာ သွားနှင့် သွားဖုံးများကို သန်မာစေသည်။ နှမ်းဆီကို အပူပေး၍ အဆစ်အမျက်ရောင်ရမ်းသော နေရာများကို ပွတ်လိမ်းနှိပ်နယ်ပေးပါက အကြောပြေစေပြီး နာကျင်မှုကိုသက်သာစေသည်။

နှမ်းဆီတွင်ပါဝင်သော အာဟာရဓာတ်များ

နှမ်းဆီတွင် ခန္ဓာကိုယ်အတွက် အကျိုးပြုသည့် အာဟာရဓာတ်ပေါင်းများစွာပါဝင်သည်။ ခန္ဓာကိုယ်အတွက် အလွန်ကောင်းမွန်သော မပြည့်ဝဆီများဖြစ်သည့် Omega-6 နှင့် Omega-9 Fatty Acid များ ကြွယ်ဝစွာပါဝင်သည်။ Sesamol နှင့် Sesamin ဟု ခေါ်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်း ပါဝင်သည်။ ဗီတာမင်-E၊ ဗီတာမင် -K၊ ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ် နှင့် သံဓာတ် စသည့်အရေးပါသော ဗီတာမင်နှင့် သတ္တုဓာတ် များလည်း ပါဝင်သည်။

ထို့ပြင် နှမ်းဆီသည် နှလုံးနှင့်သွေးကြောကျန်းမာရေးကို အထောက်အကူပြုစေသည်။ နှမ်းဆီတွင်ပါဝင်သော Omega-6 နှင့် မပြည့်ဝဆီများသည် ခန္ဓာကိုယ်အတွင်းရှိ မကောင်းသောကိုလက်စထရော(LDL) ကို လျှော့ချပေးပြီး ကောင်းသောကိုလက်စထရော (HDL)ကို တိုးစေသည်။ နှမ်းဆီတွင်ပါဝင်သော Sesamin ဓာတ်သည် သွေးတိုးကျစေပြီး သွေးကြောကျဉ်းရောဂါနှင့် နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို သိသာစွာလျှော့ချပေးသည်။

ကိုယ်တွင်းကိုယ်ပရောင်ရမ်းမှုများကို လျှော့ချပေးသည်။ ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများသည် ကင်ဆာ၊ အဆစ်အမျက်ရောင်ရောဂါနှင့် ကျောက်ကပ်ရောဂါများ၏ အဓိကအရင်းအမြစ်ဖြစ်သည်။ နှမ်းဆီတွင်ပါဝင်သော Active Compound များသည် ခန္ဓာကိုယ်အတွင်း မှရောင်ရမ်းမှုများကို လျှော့ချပေးနိုင်သည့် သဘာဝဆေးတစ်ခွက်ကဲ့သို့ လုပ်ဆောင်ပေးသည်။

ဆီးချိုရောဂါရှိသူများအတွက် နှမ်းဆီသည် အထူးသင့်လျော်သည်။ သုတေသနများအရ နှမ်းဆီကို ပုံမှန်စားသုံးပေးခြင်းသည် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးရုံသာမက အင်ဆူလင်တုံ့ပြန်မှုကိုပါ ပိုမိုကောင်းမွန်စေကြောင်း တွေ့ရသည်။

နှမ်းဆီသည် စားသောက်ရန်အတွက်သာမက အလှအပထိန်းသိမ်းမှုအတွက်ပါ အသုံးဝင်သည်။

နှမ်းဆီတွင် ဗီတာမင်-E ပါဝင်မှုမြင့်မားသဖြင့် ခြောက်သွေ့သောအသားအရေကို သဘာဝအတိုင်း စိုစွတ်ချောမွေ့စေသည်။ နှမ်းဆီသည် နေရောင်ခြည်မှလာသော ခရမ်းလွန်ရောင်ခြည်ကြောင့် ပျက်စီးမှုကို လျှော့ချပေးနိုင်သည့် သဘာဝကာကွယ်မှုစွမ်းရည်အနည်းငယ်ပါဝင်သည်။ အသားအရေ ဆဲလ်သစ်ဖြစ်ပေါ်မှုကို အားပေးသောကြောင့် အသက်အရွယ်ကြောင့်ဖြစ်သော အရေးအကြောင်းများနှင့် အမာရွတ်များကို သက်သာစေသည်။ နှမ်းဆီဖြင့် ဦးရေပြားကို နှိပ်နယ်ပေးခြင်းဖြင့် ဦးရေပြားသွေးလှည့်ပတ်မှုကောင်းမွန်စေပြီး ဗောက်ထခြင်းနှင့် ဦးရေပြားယားယံခြင်းများကို သက်သာစေသည်။ ဆံပင်မွေးညှင်းပေါက်များကိုသန်မာစေပြီး ဆံပင်နက်မှောင်သန်စွမ်းစေသည်။

နှမ်းဆီသည် ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သော်လည်း အောက်ပါအချက်များကို သတိပြုသင့်သည်။

- တခြားသဘာဝဆီများကဲ့သို့ပင် နှမ်းဆီတွင် ကယ်လိုရီပါဝင်မှု မြင့်မားသဖြင့် အလွန်အကျွံစားသုံးပါက ကိုယ်အလေးချိန် တက်လာနိုင်သည်။
- တချို့သူများသည် နှမ်းနှင့် ဓာတ်မတည့်မှုအခြေအနေ ရှိနိုင်သဖြင့် သတိထားသုံးစွဲရန်လိုအပ်သည်။
- နှမ်းဆီအကြမ်း သို့မဟုတ် အမွှေးဆီကို အပူချိန်လွန်ကဲစွာ ချက်ပြုတ်ခြင်း ထက် ဟင်းချက်ပြီး အပေါ်မှ ဆမ်းပေးခြင်း သို့မဟုတ် အသုပ်များတွင် ထည့်သုပ်ခြင်းက အာဟာရဓာတ် မပျက်စီးစေဘဲ စားသုံးရန် ပိုမိုသင့်လျော်စေသည်။

အချုပ်အားဖြင့်ဆိုရသော် နှမ်းဆီသည် သဘာဝမှရရှိသော ဆေးဖက်ဝင်ဆီတစ်မျိုးဖြစ်ပြီး သင့်တင့်မျှတစွာစားသုံးပေးပါက နှလုံး၊ သွေးကြော၊ အသားအရေနှင့် ခန္ဓာကိုယ်အင်္ဂါအဖွဲ့အစည်းအသီးသီးကို ကျန်းမာသန်စွမ်းစေသည်။ စနစ်ကျသော အစားအသောက်ပုံစံနှင့်အတူ နှမ်းဆီကို နေ့စဉ်အကန့်အသတ်ဖြင့် ထည့်သွင်းစားသုံးခြင်းသည် ကျန်းမာရေးအတွက် သက်ရှည်ကျန်းမာစေမည့် နည်းလမ်းကောင်းတစ်ခုဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပေါက်ပေါက်

ဒေသတွင်းစားရေရိက္ခာဖူလုံပို့လျှံစေရေးအတွက် လအလိုက်တိုးချဲ့မွေးမြူသွားရမည့် စီမံချက်ပါအတိုင်းမွေးမြူနိုင်ရေး ကြပ်မတ်ဆောင်ရွက်

ပဲခူး အောက်တိုဘာ ၇

ဒေသတွင်း စားရေရိက္ခာဖူလုံပို့လျှံစေရေးအတွက် လအလိုက်တိုးချဲ့မွေးမြူသွားရမည့် စီမံချက်ပါအတိုင်းမွေးမြူနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် စားဖိုဆောင်သီးနှံများကိုလည်း နေအိမ်အလိုက် စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယနေ့ နံနက်ပိုင်းတွင် တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက



မိုးစပါးရိတ်သိမ်းထွက်ရှိမှု၊ ဆောင်းသီးနှံစတင်စိုက်ပျိုးနေမှုနှင့် နွေစပါးစိုက်ပျိုးနိုင်ရေးကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက မြို့နယ်အလိုက် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ကဏ္ဍအလိုက် ဆောင်ရွက်သွားရမည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည့်များအသေးစိတ်မှာကြားခဲ့ကြောင်း သိရသည်။ **ဥဿာတိုင်းသား**

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲသို့ မွန်ပြည်နယ်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ လေ့ကျင့်မှုများဆောင်ရွက်လျက်ရှိ

မော်လမြိုင် အောက်တိုဘာ ၇

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲသို့ မွန်ပြည်နယ်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များသည် မော်လမြိုင်မြို့ရှိ သတ်မှတ်နေရာများတွင် လေ့ကျင့်မှုများဆောင်ရွက်လျက်ရှိသည်။



အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် အကဘာသာရပ် ပြိုင်ပွဲဝင်များ၊ လူငယ်စင်တာတွင် အဆိုဘာသာရပ် ပြိုင်ပွဲဝင်များ၊ အတီးပြိုင်ပွဲဝင်များနှင့် အရေးပြိုင်ပွဲဝင်များက သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်အမျိုးအစားများအလိုက် လေ့ကျင့်ပြင်ဆင်နေမှုကို ယမန်နေ့ညနေပိုင်းက မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ထို့အတူ မော်လမြိုင်ပညာရေးဒီဂရီကောလိပ်တွင် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့ ပြိုင်ပွဲဝင်များ၏ လေ့ကျင့်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးပြီး မွန်ပြည်နယ်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည့်အတွက် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ရေးမှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ

(Myanmar-Malaysia High Level Business Dialogue 2026)သို့ တက်ရောက်၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ (Myanmar-Malaysia High Level Business Dialogue 2026)သို့ တက်ရောက်၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် မလေးရှားနိုင်ငံကုန်သည်စက်မှုအသင်းချုပ်(NCCIM)တို့က ဦးစီးကျင်းပပြုလုပ်သည့် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ (Myanmar-Malaysia High Level Business Dialogue 2026)ကို ယနေ့မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ InterContenental Kuala Lumpur Hotel ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ပြီး နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ စာမျက်နှာ ၁၆ ကော်လံ ၁ ■

တနင်္သာရီတိုင်းဒေသကြီး အတွင်း သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု ဖြစ်ပွားခဲ့သည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာ - ၂၀ သို့

နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲတွင် မြန်မာယူ-၁၇ အမျိုးသားအသင်း အိန္ဒိယယူ-၁၇ အမျိုးသားအသင်းကိုရှုံးနိမ့်

စာ - ၂၆ သို့

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင် စံချိန်သစ်များတင်နိုင်ခဲ့



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း

တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီး မီတာ-၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် အောက်တိုဘာ ၇

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကိုလက်ရွေးစင် အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့်မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် နိုင်ငံတော်အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ်တပ်မတော် (ကြည်း၊ ရေ၊ လေ) စာမျက်နှာ ၁၁ ကော်လံ ၁ ❍



M League 2026 U-20 လူငယ်လိဂ်အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းနိုင်ပွဲပြန်ရ

ရန်ကုန် အောက်တိုဘာ ၇

M League 2026 U-20 လူငယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၈)ဒုတိယနေ့ပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းနိုင်ပွဲပြန်လည်ရရှိပြီး ISPE အသင်းနှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရကာ အခြားပွဲစဉ်များဖြစ်သည့် သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် FALCON အသင်းတို့ သရေရလဒ်ဖြင့်သာ ပြိုင်ပွဲပြီးဆုံးခဲ့ကြသည်။ စာမျက်နှာ ၁၅ ကော်လံ ၆ ❐

ရထားလမ်းကူး အန္တရာယ်ကင်းရှင်းရေး သင့်တာဝန်မှသည် လူတိုင်း၏အသက်ကို ကာကွယ်ပါ

ဆောင်းပါး စာ - ၁၃ သို့

ရွှေကုက္ကိုလ်နယ်မြေဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး

စာ - ၂၇ သို့